## မြတ်ဗုဒ္ဓ၏အဆုံးအမတရား

နေ့ရောညဉ့်ပါ အခါခပ်သိမ်း မေတ္တာတရား ပွားများခြင်း၌ မွေ့လျော်သောစိတ်ရှိကုန်သော မြတ်စွာဘုရား၏တပည့်တို့သည် အခါခပ်သိမ်း တရားမှန်ကို သိကုန်၏။

ဓမ္မပဒ

# မြဝတီ နေ့စဉ်

ပြည်သူ့လက်ဝယ် အချိန်မီရောက်မည် မြဝတီ

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၃၀၆)

၁၃၈၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်
၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၁၈ ရက်၊ အင်္ဂါနေ့


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၀) သင်တန်းဖွင့်ပွဲများအား တိုင်းစစ်ဌာနချုပ်အသီးသီး၌ကျင်းပပြုလုပ်



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၀) သင်တန်းဖွင့်ပွဲကျင်းပစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်နိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၀)တွင် ပါဝင်တက်ရောက်ကြမည့်အရည်အချင်းကိုက်ညီသူ နိုင်ငံ့သားကောင်းများသည် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်နယ်မြေများရှိသင်တန်းကျောင်းအသီးသီးသို့ရောက်ရှိ၍ လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ခဲ့ကြသည်။ ယနေ့နံနက်ပိုင်းတွင် အဆိုပါသင်တန်းကျောင်းအသီးသီး၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၀)သင်တန်းဖွင့်ပွဲများပြုလုပ်ကြသည်။ သင်တန်းဖွင့်ပွဲများတွင် သင်တန်းကျောင်းများအလိုက် ကျောင်းအုပ်ကြီးများက သင်တန်းဖွင့်အမှာစကားများပြောကြားကြသည်။

အဆိုပါသင်တန်းဖွင့်ပွဲများသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများတက်ရောက်၍ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၀)မှ

**စာမျက်နှာ ၁၆ ကော်လံ ၁ ❍**

**၂၀၂၄ ခုနှစ် အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ အောင်စာရင်း ထုတ်ပြန်ကြေညာ**

စာ - ၁၀ သို့

**မြန်မာ့စီးပွားရေးဘဏ်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ချုပ်စာရင်းပိတ် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ ကျင်းပ**

စာ - ၅ သို့

**(၃၁)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲ တတိယနေ့ ဆက်လက်ကျင်းပ**

စာ - ၁၅ သို့




## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၁၈ ရက်)

# ရွှေသင်္ကန်းတော်ကပ်လှူပူဇော် ရွှေတိဂုံစေတီတော်

မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာကို တိုင်းရင်းသားပြည်သူအများစုယုံကြည်ကိုးကွယ်ကြသည်။ ဗုဒ္ဓဘာသာသာသက်ဝင်ယုံကြည်ကိုးကွယ်မှုကို အထင်ရှားဆုံးမြင်တွေ့ရသည်မှာ ရွှေတိဂုံစေတီတော်ဖြစ်သည်။ ရွှေတိဂုံစေတီတော်ကြီးသည် မြန်မာနိုင်ငံနှင့်ရန်ကုန်မြို့တို့၏ အထင်ကရစေတီတော်မြတ်ကြီးဖြစ်သည်။ ခေတ်အဆက်ဆက်မင်းများ၊ အစိုးရများနှင့်စေတနာရှင်ပြည်သူများက အစဉ်အဆက်ပြုပြင်မွမ်းမံထိန်းသိမ်းခဲ့ကြသည်။ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ရွှေသင်္ကန်းတော်ကပ်လှူပူဇော်မှုအနေဖြင့် ခရစ်နှစ် ၁၈၉၉ ခုနှစ်တွင် ငှက်ပျောဖူးတော်ကို ရွှေပြားသင်္ကန်းဖြင့်စတင်ကပ်လှူပူဇော်ခဲ့ပြီး ၁၉၃၆ ခုနှစ်တွင် ဒုတိယဖောင်းရစ်အထိ ရွှေပြားကပ်လှူပူဇော်ခဲ့သည်။ ထို့နောက် ၁၉၄၉ ခုနှစ်မှ ၁၉၇၀ ပြည့်နှစ်အထိ သုံးနှစ်လျှင်တစ်ကြိမ်၊ လေးနှစ်လျှင်တစ်ကြိမ် ရွှေသင်္ကန်းကပ်လှူပူဇော်ခဲ့ကြကြောင်းသိရသည်။

၁၉၈၀ ပြည့်နှစ်မှ ၂၀၁၉ ခုနှစ်အထိ လေးနှစ်လျှင်တစ်ကြိမ်၊ ငါးနှစ်လျှင်တစ်ကြိမ် ရွှေသင်္ကန်းကပ်လှူမှုပြုခဲ့သည်။ အဆိုပါကာလများအတွင်း နာဂစ်မုန်တိုင်းကဲ့သို့ သဘာဝဘေးအန္တရာယ်အပါအဝင် အကြောင်းအမျိုးမျိုးကြောင့်ပျက်စီးခဲ့ရသည့် ရွှေပြားများကိုလည်း လဲလှယ်ကပ်လှူပူဇော်ခဲ့ကြသည်။ ယခု ၂၀၂၄-၂၀၂၅ ခုနှစ်တွင် (၉)ကြိမ်မြောက် လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်မည်ဖြစ်သည်။ ထိုသို့ကပ်လှူပူဇော်ရန်အတွက် ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၁၉ ရက်တွင် ငြမ်းစေတီကိုစတင်တည်ဆောက်ခဲ့ပြီး အောက်တိုဘာလ ၁၈ ရက်မှစ၍ မင်္ဂလာရထားပျံဖြင့် ရွှေပြားသင်္ကန်းတော်များကို စတင်ကပ်လှူပူဇော်ခဲ့သည်။ လက်ရှိအချိန်အထိ လုပ်ငန်းဆောင်ရွက်မှုမှာ ၈၀ ရာခိုင်နှုန်းကျော်ပြီးစီးပြီဖြစ်သည်။ ရွှေတိဂုံစေတီတော်ကြီးထံ လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်းဆောင်ရွက်မှုများကို ယခုနှစ် မတ်လတတိယပတ်တွင် ပြီးစီးအောင်ဆောင်ရွက်သွားမည်ဖြစ်သည်။

ဗုဒ္ဓဘာသာဝင်သူတော်စင်များ၏ စေတနာသဒ္ဓါတရားထက်သန်စွာလှူဒါန်းမှုများပြားလှသည့်အတွက် လက်ရှိတွင် ၆ ကျပ်သားရှိ တစ်ပေပတ်လည်ရွှေပြား(Gold Plate) ၁၄၀ ချပ်နှင့် ၁ ကျပ်သားရွှေစင်ပြား (Gold Coating) ၂၅၀၀ ချပ်တို့ကပ်လှူရန်ကျန်ရှိနေသေးသည်။ လှူဒါန်းလိုသူအလှူရှင်များအနေဖြင့် ၆ ကျပ်သားရှိ တစ်ပေပတ်လည်ရွှေပြားတစ်ချပ်လျှင် ငွေကျပ်သိန်း ၁၅၀ နှုန်း၊ ၁ ကျပ်သားရွှေစင်ပြားတစ်ချပ်လျှင် ငွေကျပ် ၂၅ သိန်းနှုန်းတို့ဖြင့် အသီးသီးပါဝင်ကုသိုလ်ပြုလှူဒါန်းနိုင်ကြောင်းသိရသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဖေဖော်ဝါရီလ ၁၅ ရက်က ရွှေတိဂုံစေတီတော်မြတ်ကြီးအားဖူးမြော်ကြည်ညိုပြီး ငြမ်းစေတီတော်ပေါ်သို့ တက်ရောက်၍ စေတီတော်ကြီးလုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်ပြီးစီးမှုအား ကြည့်ရှုစစ်ဆေးခဲ့သည်။ ရွှေတိဂုံစေတီတော်မြတ်ကြီးစိန်ဖူးတော်မြတ်၏ကြံ့ခိုင်မှုအား ကြည့်ရှုစစ်ဆေးပြီး စိန်၊ ရွှေ၊ ကျောက်သံပတ္တမြားများနှင့် သာသနာရေးဆိုင်ရာပစ္စည်းများကို ကပ်လှူပူဇော်ကာ ပရိတ်နံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ကြသည်။ ဆက်လက်၍ ရွှေတိဂုံစေတီတော် ငှက်မြတ်နားတော်မြတ်၏ကြံ့ခိုင်မှုများနှင့်ယခင်အလှူရှင်များ၏လှူဒါန်းမှုများအား ကြည်ညိုသဒ္ဓါတရားပွားများဖူးမြော်ကြည်ညိုသည်။

မြန်မာနိုင်ငံသည် အေးချမ်းသာယာလှပ၍ နေချင့်စဖွယ်ကောင်းလှသည့်နိုင်ငံတစ်နိုင်ငံအဖြစ် ကမ္ဘာလှည့်ခရီးသွားတို့က ရှုမြင်ကြသည်။ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များပေါများပြီး ဘုရား၊ စေတီ၊ ကျောင်းကန်များမှာလည်း မြန်မာနိုင်ငံအနှံ့အပြားတွင်ဖူးမြော်တွေ့မြင်နိုင်သည်။ မြန်မာလူမျိုးတို့၏သဒ္ဓါစိတ်မှာ ထူးခြားလှသည့်အတွက် မြန်မာနိုင်ငံတစ်ဝန်းလုံးဘုရားစေတီများမှာ ရွှေရောင်တဝင်းဝင်းဖြင့် လွန်စွာပင် သပ္ပါယ်လှသည်။ ထို့ကြောင့် မြန်မာနိုင်ငံကို ရွှေနိုင်ငံဟုဂုဏ်ပြုရေးသားဖော်ပြကြသည်။ ပင်လယ်ရေကြောင်းခရီးမှ မြန်မာနိုင်ငံသို့ဝင်ရောက်လာသူတိုင်း ပထမဆုံးထူးခြားလှပသည့်မြင်ကွင်းမှာ ရွှေရောင်တဝင်းဝင်းဖြင့် မြင်တွေ့ရသည့်ရွှေတိဂုံစေတီတော်မြတ်ကြီးဖြစ်သည်။ အဝေးမှပင်လှမ်းမြင်နေရသည်မှာ ရွှေတောင်ကြီးကိုဘွားကနဲမြင်တွေ့လိုက်ရသကဲ့သို့ မြင်ရသူတို့၏ရင်ကိုပီတိဖြာစေသည်။

မြန်မာနိုင်ငံရှိတိုင်းဒေသကြီးနှင့်ပြည်နယ်အားလုံးတွင် ဘုရားပုထိုးစေတီများမရှိသည့်ဒေသဟူ၍ လုံးဝမရှိပေ။ ထို့ကြောင့် ရန်ကုန်ဟုဆိုလိုက်သည်နှင့် ရွှေတိဂုံစေတီတော်မြတ်ကြီးကိုလည်းကောင်း၊ မန္တလေးဟုဆိုလိုက်သည်နှင့် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးကိုလည်းကောင်း စိတ်တွင်မှန်းဆမြင်ကြပြီးဖြစ်သည်။ ထို့အတူ နေပြည်တော်ဟုဆိုလိုက်သည်နှင့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် "မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး"ကို သတိတရရှိကြသည်။ အလားတူပင် အခြားမြို့များတွင် ထင်ရှားကျော်ကြားသည့်ဘုရားစေတီများရှိကြရာ ရေးဖွဲ့ပြ၍မကုန်နိုင်အောင်ပင်ဖြစ်သည်။

ရွှေတိဂုံစေတီတော်မြတ်ကြီးမှာ မြတ်ဗုဒ္ဓဘုရားရှင်လက်ထက်တော်ကတည်းက တည်ထားကိုးကွယ်ခဲ့သည့်စေတီတော်ဖြစ်သည်။ မြန်မာပြည်မှတဖုဿနှင့်ဘလ္လိကကုန်သည်ညီနောင်တို့သည် သက်တော်ထင်ရှားမြတ်ဘုရားကို ပထမဆုံးဖူးမြော်ခွင့်ရရှိသူများဖြစ်သည်။ ဘုရားရှင်ကိုယ်တော်တိုင်ပေးအပ်ချီးမြှင့်သည့်ဆံတော်များကို မြန်မာပြည်သို့ယူဆောင်လာပြီး ယခုအခါ အများမြင်တွေ့ဖူးမြော်နေရသည့် ရွှေတိဂုံစေတီတော်မြတ်ကြီးကိုတည်ထားခဲ့သည်။ သမိုင်းတန်ဖိုး၊ ဘာသာသာသနာတန်ဖိုးမြင့်မားလှပြီး လှူဒါန်းမှုအစုစုတို့၏တန်ဖိုးများမှာ မည်သို့မျှတန်ဖိုးမဖြတ်နိုင်လောက်အောင် များပြားလှသည်။ ရှေးကမင်းနှင့်အုပ်ချုပ်သူများ၊ ပြည်သူများ၏စေတနာသဒ္ဓါထက်သန်မှုကဲ့သို့ ယခုအုပ်ချုပ်သူနှင့်ပြည်သူများသည်လည်း သဒ္ဓါထက်သန်မှုဖြင့် လှူဒါန်းနေမှုများကို ပီတိဝေဖြာသာဓုခေါ်ဆိုစရာဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

# MSME ချေးငွေများလျှောက်ထားနိုင်

ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များမှ MSME လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏လုပ်ငန်းတိုးချဲ့ဆောင်ရွက်ခြင်း၊ စက်ပစ္စည်းဝယ်ယူခြင်းနှင့် ကုန်ကြမ်းဝယ်ယူခြင်းတို့အတွက် လိုအပ်သည့်ချေးငွေများကို မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ် (၁၆)ခုတို့မှ ထုတ်ချေးပေးလျက်ရှိပါသည်။ ချေးငွေအတိုးနှုန်းများအနေဖြင့် Fixed Capital အနည်းဆုံး (၃၀%)နှင့်အထက် အသုံးပြုမည့်ချေးငွေအတွက် တစ်နှစ်လျှင်အတိုးနှုန်း ၃ %၊ Working Capital (၁၀၀%) အသုံးပြုမည့်ချေးငွေအတွက် တစ်နှစ်လျှင်အတိုးနှုန်း ၄ % နှင့် Credit Guarantee Insurance- CGI စနစ်ဖြင့် ထုတ်ချေးမည့်ချေးငွေအတွက် တစ်နှစ်လျှင်အတိုးနှုန်း ၅ % တို့ဖြင့် ချေးငွေများလျှောက်ထားနိုင်ပါသည်။ ချေးငွေရယူလိုသည့် MSME လုပ်ငန်းရှင်များအနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် MSME အေဂျင်စီများနှင့်ဆက်သွယ်၍ ချေးငွေများလျှောက်ထားနိုင်ကြောင်း အသိပေးအပ်ပါသည်။

**MSME ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့**

# မုံရွာမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးချိန်တွင် ပဲကြီး ၅၅၄၅ ကေစိုက်ပျိုးပြီးစီး

မုံရွာ ဖေဖော်ဝါရီ ၁၇

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးချိန်တွင် ပဲကြီး ၅၅၄၅ ကေစိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း မုံရွာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခု၂၀၂၄-၂၀၂၅ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးချိန်တွင် မုံရွာမြို့နယ်၌ ပဲကြီးကေ ၅၅၅၀ စိုက်ပျိုးရန် လျာထားပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလမှစတင်၍ စိုက်ပျိုးကြရာ ယနေ့အထိ ၅၅၄၅ ကေစိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။

"ပဲသီးနှံအထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်တဲ့မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးတာစတာတွေကို တောင်သူတွေနဲ့ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးတယ်"ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးသက်အောင်က ပြောသည်။

မုံရွာမြို့နယ်၌ ပဲကြီးစိုက်ပျိုးတောင်သူများအနေဖြင့် ပဲကြီးစိုက်ကေများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေး၊ အထွက်နှုန်းကောင်းမွန်သည့် မျိုးများကို စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးရေးအတွက် အခြေခံလိုအပ်ချက်မှာ မျိုးမြေရေနည်းဖြစ်ပြီး မြေကောင်းမြေသန့်ဖြစ်စေရန် မြေသြဇာကို သဘာဝနည်းဖြင့် မှန်ကန်စွာအသုံးချရေး၊ ရာသီဥတုနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များရွေးချယ်စိုက်ပျိုးရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။

GAP နည်းစနစ်ဖြင့် စိုက်ပျိုးသည့်သီးနှံများသည် အခြားနည်းစနစ်များဖြင့် စိုက်ပျိုးသည့်သီးနှံများထက် အရည်အသွေးများပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်အတွင်းသာမက ပြည်ပဈေးကွက်များသို့ပါ တင်ပို့ရောင်းချနိုင်သည်အထိ အရည်အသွေးကောင်းမွန်ခြင်းကြောင့် အဆိုပါနည်းစနစ်များဖြင့်စိုက်ပျိုးသည့်တောင်သူများ အကျိုးစီးပွားပိုမိုဖြစ်ထွန်းလာနိုင်ကြောင်းသိရသည်။(၄၀၉)

## သဇင် (FM)အသံလွှင့်အစီအစဉ်

၁၈-၂-၂၀၂၅(အင်္ဂါနေ့)

၁။ ၀၈:၀၀ နှလုံးသားဝယ်ဘုရားတည်
၂။ ၁၁:၅၀ လှပကျန်းမာ
၃။ ၁၄:၅၀ Speech On Air
၄။ ၁၆:၀၀ တပ်မတော်စာတိုက်ခန်း
၅။ ၁၇:၀၀ ထင်ရှားကျော်ကြားပုဂ္ဂိုလ်များ
၆။ ၂၁:၂၀ Memory Box

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ယခုဘဏ္ဍာနှစ် ၁၀ လတာကာလအတွင်း ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတန်ချိန် ၂၂ သိန်းကျော်တင်ပို့ထား



ရန်ကုန် ဖေဖော်ဝါရီ ၁၇

ယခုဘဏ္ဍာနှစ် ၁၀ လတာကာလ အတွင်း ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတန်ချိန် ၂၂ သိန်းကျော် တင်ပို့ထားကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ သိရသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလမှ ဇန်နဝါရီလကုန်အထိ ၁၀ လတာကာလ အတွင်း ပြည်ပသို့ ဆန်နှင့်ဆန်ကွဲ ၂၂၄၄၂၅၄ တန် တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၀၄၉ သန်း ရရှိခဲ့ခြင်းဖြစ်သည်။

ပြည်ပနိုင်ငံများသို့တင်ပို့ရာတွင် ဧပြီလက အမေရိကန်ဒေါ်လာ ၅၅ သန်းတန်ဖိုးရှိ ဆန်နှင့်ဆန်ကွဲ ၁၁၁၈၆၂ တန်၊ မေလက အမေရိကန်ဒေါ်လာ ၃၆ သန်းတန်ဖိုးရှိ ဆန်နှင့်ဆန်ကွဲတန်ချိန် ၇၁၂၈၀၊ ဇွန်လက အမေရိကန်ဒေါ်လာ ၈၄ သန်းတန်ဖိုးရှိ ဆန်နှင့်ဆန်ကွဲ ၁၆၂၃၂၆ တန်၊ ဇူလိုင်လက အမေရိကန်ဒေါ်လာ ၈၂ သန်းတန်ဖိုးရှိ ဆန်နှင့်ဆန်ကွဲ ၁၆၅၄၄၄ တန်၊ ဩဂုတ်လက အမေရိကန်ဒေါ်လာ ၉၇ သန်းတန်ဖိုးရှိ ဆန်နှင့်ဆန်ကွဲတန်ချိန် ၂၀၇၃၇၀၊ စက်တင်ဘာလက အမေရိကန်ဒေါ်လာ ၁၀၄ သန်းတန်ဖိုးရှိ ဆန်နှင့်ဆန်ကွဲ ၂၁၉၅၆၅ တန်၊ အောက်တိုဘာလက အမေရိကန်ဒေါ်လာ ၁၈၉ သန်းတန်ဖိုးရှိ ဆန်နှင့်ဆန်ကွဲ ၄၂၄၇၈၄ တန်၊ နိုဝင်ဘာလက အမေရိကန်ဒေါ်လာ ၁၅၆ သန်းတန်ဖိုးရှိ ဆန်နှင့်ဆန်ကွဲ ၃၃၄၅၃၅ တန်၊ ဒီဇင်ဘာလက အမေရိကန်ဒေါ်လာ ၁၄၅ သန်းတန်ဖိုးရှိ ဆန်နှင့်ဆန်ကွဲတန်ချိန် ၃၃၇၄၉၀၊ ၂၀၂၅ ခုနှစ် ဇန်နဝါရီလက အမေရိကန်ဒေါ်လာ ၁၀၁ သန်းတန်ဖိုးရှိဆန်နှင့်ဆန်ကွဲ ၂၀၉၅၉၈ တန် တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

ယင်းသို့တင်ပို့ရာတွင် အောက်တိုဘာလက ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၁၈၀ ကျော်ဖြင့် အများဆုံးတင်ပို့ထားပြီး နိုဝင်ဘာလက ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၅၆ သန်းဖြင့် ဒုတိယအများဆုံးတင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်က ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတန်ချိန် ၁ ဒသမ ၆ သန်း ကျော်တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၈၄၅ သန်းကျော်ရရှိခဲ့ကြောင်း၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတန်ချိန်နှစ်သန်းကျော် တင်ပို့နိုင်ရန် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က ရည်မှန်းထားပြီး လက်ရှိတွင် ၁၀ လတာဖြစ်သော်လည်း ပို့ကုန်လျာထားချက်ကို ပြည့်မီနေပြီဖြစ်ကြောင်း သိရသည်။ ဝါဝါ

# ငဖဲမြို့နယ်၌ အားကစားနှင့်လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကျင်းပ

ငဖဲ ဖေဖော်ဝါရီ ၁၇

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အားကစားနှင့်ကာယပညာဦးစီးဌာနတို့ပူးပေါင်းပြီး လူငယ်လူရွယ်များ ဗလငါးတန်နှင့်ပြည့်စုံစေရန်ရည်ရွယ်၍ အားကစားနှင့်လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီလ ၁၇ ရက်တွင် ပေါင်းကလေးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ ကျင်းပသည်။

ရှေးဦးစွာ ပေါင်းကလေးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ကျောင်းအုပ်ဆရာကြီး ဦးအုန်းသန်းက အဖွင့်အမှာစကားပြောကြားပြီး ငဖဲမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ယုယုသိန်းက လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကျင်းပရသည့်အကြောင်းရင်းများ၊ လူငယ်နှင့်ဗလငါးတန်ဖွံ့ဖြိုးရေးသိကောင်းစရာများ၊ အသိပညာဗဟုသုတတိုးပွားစေရန်၊ အချိန်ကိုအကျိုးရှိစွာအသုံးချတတ်စေရန်နှင့် အတွေးအခေါ် ရင့်သန်မှန်ကန်စေရန်အတွက် ကျောင်းစာသာမက သုတ၊ ရသစာအုပ်စာပေများကိုလည်း လေ့လာဖတ်ရှုကြရန် စသည့်အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ငဖဲမြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနမှ အားကစားမှူး ဒေါ်နန်းသီတာထွေးက အားကစားနည်း အမျိုးအစားများ၊ လူငယ်နှင့်အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းပြောကြားပြီး ကျောင်းသား၊ ကျောင်းသူများအတွက် အားကစားပစ္စည်းနှင့် ကျောင်းစာကြည့်တိုက်အတွက် တိုင်းရင်းသားရိုးရာပုံပြင်စာအုပ်များကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီးက လက်ခံရယူသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လူကုန်ကူးမှုအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေး နံရံကပ်စာစောင်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးနံရံကပ်စာစောင်များကို ခင်းကျင်းပြသထားရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာကြည့်ရှုလေ့လာကြကြောင်း သိရသည်။ **မယု(ငဖဲ)**

# ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ နေအိမ်များ လေပြင်းဘေးဒဏ်ခံနိုင်စေရန် မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်းကို မတ်လကုန်တွင် အပြီးဆောင်ရွက်မည်

ပုသိမ် ဖေဖော်ဝါရီ ၁၇

ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ ကျေးရွာများမှ နေအိမ်များအား လေပြင်းဘေးဒဏ်ခံနိုင်စေရန် အားဖြည့်မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်းကို ယခုနှစ် မတ်လကုန်တွင် အပြီးဆောင်ရွက်မည်ဖြစ်ကြောင်း ဧရာဝတီတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ သိရသည်။

ဧရာဝတီတိုင်းဒေသကြီးဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနအနေဖြင့် ယခုဘဏ္ဍာနှစ်တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာ ၅၆ ရွာမှ နေအိမ် ၉၀၀ အား လေပြင်းဘေးဒဏ်ခံနိုင်သည့် နေအိမ်များဖြစ်စေရန် အားဖြည့်မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်းများကို စုစုပေါင်း ငွေကျပ် ၆၁ ဒသမ ၃၂ သန်းခန့် အကုန်အကျခံ ဆောင်ရွက်ပေးမည်ဖြစ်သည်။

"ဒီနှစ်မှာတော့ ဧရာဝတီတိုင်းဒေသကြီး အတွင်းမှာရှိတဲ့ အိမ်မဲမြို့နယ်၊ ဓနုဖြူမြို့နယ်နဲ့ ညောင်တုန်းမြို့နယ်တွေမှာ ရှိတဲ့ ကျေးရွာ ၅၆ ရွာက နေအိမ် ၉၀၀ ကို လေပြင်းဘေးဒဏ်ခံနိုင်တဲ့ နေအိမ်တွေ ဖြစ်စေဖို့ အားဖြည့်မွမ်းမံပြင်ဆင်တာတွေ ဆောင်ရွက်မှာဖြစ်ပါတယ်။ အဲဒီလိုဆောင်ရွက်နိုင်ဖို့ သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု စီမံအုပ်ချုပ်ရေးအဖွဲ့တွေနဲ့ပူးပေါင်းပြီး ပြီးခဲ့တဲ့နှစ်ဒီဇင်ဘာလမှာ စာရင်းကောက်ယူရေးလုပ်ငန်းတွေ ဆောင်ရွက်ခဲ့ပါတယ်။ ဒီနှစ် ဇန်နဝါရီလမှာတော့ နေအိမ်တွေကို မွမ်းမံပြင်ဆင်တဲ့လုပ်ငန်းတွေ စတင်ဆောင်ရွက်ခဲ့တာဖြစ်ပြီး လာမယ့်မတ်လကုန်မှာ နေအိမ်အားလုံးပြင်ဆင်ပြီးစီးအောင် ဆောင်ရွက်မှာဖြစ်ပါတယ်" ဟု ဧရာဝတီတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမင်းသိန်းကပြောသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း အချိန်အခါမရွေး လေပြင်းတိုက်ခတ်မှုများ ဖြစ်ပေါ်လေ့ရှိပြီး ဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာနိုင်သောဆုံးရှုံးမှုများ လျော့နည်းစေရန် ယခုကဲ့သို့ နေအိမ်များကို ပြုပြင်မွမ်းမံဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ဝါးထရံ၊ ဝါးကပ်၊ မျောတိုင်နှင့် အိမ်မိုးသက်ငယ် စသည့်အိမ်ဆောက်ပစ္စည်းများကို နေအိမ်များ၏ လိုအပ်ချက်ပေါ်မူတည်ကာ ပံ့ပိုးကူညီပေးပြီး ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များနှင့်ပူးပေါင်း၍ ပြင်ဆင်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ လေဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် အိမ်ဆောက်ပစ္စည်းများ ပံ့ပိုးပေးအပ်ကာ နေအိမ်များကို အားဖြည့်မွမ်းမံပြင်ဆင်ခြင်းများ ဆောင်ရွက်ရာတွင် အဓိကအားဖြင့် ဝင်ငွေနည်းသော အိမ်ထောင်စုများ၊ အမျိုးသမီးဦးဆောင်သောနေအိမ်များနှင့်သက်ကြီးပိုင်းဦးဆောင်သောနေအိမ်များကို အဓိကထား ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**ဆောင်းဦး**

မြဝတီ ကာတွန်း



# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

တောတက်ကြရာတွင် ကျွန်ုပ်အပြင် ချာပရာစီ နှစ်ယောက်၊ ပစ္စည်းထိန်း ဘတ္တလာတစ်ယောက်၊ စားပွဲထိုးတစ်ယောက်၊ ထမင်းချက်(Cook) တစ်ယောက် လက်ထောက်ထမင်းချက်တစ်ယောက်၊ 'ကွတ်စ်မေတီး' ခေါ် အိုးတိုက်ကုလားလေးတစ်ယောက်ပါရှိ၏။ တစ်ခါတစ်ရံတွင် မြို့ကြီးများ၌ စတည်းချသောအခါ မြို့ပေါ်မှ အရာရှိကြီးများကို ဖိတ်ခေါ်ကာ ဒင်းနားပါတီကျွေးလိုက်ချေသေး၏။ မင်းကြီးက ကျွန်ုပ်အား လှည်းသုံးစီးတိုက်ရသည့် သူ၏ပစ္စည်းအားလုံးသည် ကျွန်ုပ်၏တာဝန်ဖြစ်ကြောင်း၊ တော၌ လိုက်ပါလာသော အစေခံများအားလုံးသည် ကျွန်ုပ်၏ ဩဇာခံများဖြစ်ကြ၍ အစစအရာရာတွင် ကျွန်ုပ်က ကြည့်ပြီး စီမံရမည်ဖြစ်ကြောင်း ပြောပြထား၏။ ကိုမြစ်ကလည်း ဤဗိုလ်ကြီး၏ ပစ္စည်းခင်တွယ်တတ်ကြောင်း ပြောထားဖူးလေသည်။

**သူကြီးများ၏ အကျင့်ဆိုးတစ်ခု**

တစ်နေ့သ၌ ကျွန်ုပ်တို့သည် တောရွာကလေးတစ်ရွာ၌ သမဝါယမအသင်းကိစ္စအတွက် ဇရပ်တစ်ခုတွင် (ဗိုလ်တဲမရှိ) စတည်းချအိပ်ကြရာ ညဉ့်သုံးနာရီအချိန်တွင် သုံးမိုင်ခန့်ဝေးသော ဘူတာရုံ၌ မီးရထားစီးကြရန်ဖြစ်၏။ တောလိုက်စာရေး၏တာဝန်မှာ လိုအပ်သောလှည်းများကို လိုအပ်သောအချိန်တွင် ဇရပ်သို့ရောက်အောင် သူကြီးအား ဆင့်ထားရန်ဖြစ်၏။ တချို့ရွာသူကြီးများသည် အသင်းမင်းကြီး၏ ရာထူးကြီးခြင်းကိုသိကြသော်လည်း အုပ်ချုပ်ရေးဘက်မှ နယ်ပိုင်ဝန်ထောက်၊ ပုလိပ်ဘက်မှ ရာဇဝတ်ဝန်စသော အရာရှိများလောက် မကြောက်ကြဘဲ ခပ်ပေါ့ပေါ့လုပ်တတ်ကြသောကြောင့် လိုသောပစ္စည်းများဆင့်၍ တောင်းရာတွင် စာရေးအဖို့ အတော်ဂရုစိုက်ရ၏။ သူကြီးများက ပေါ့မည်သာ ပေါ့ကြသည်။ ကျွန်ုပ်တို့ဌာနမှ အရာရှိကြီးများသည် လှည်းခကိုလည်းကောင်း၊ ထင်း၊ ရေ၊ ကြက်၊ ကြက်ဥ စသော ပစ္စည်းများအတွက်လည်းကောင်း သတ်မှတ်ထားသောနှုန်းအတိုင်း အပြည့်အဝပေးကြသည်သာဖြစ်လေသည်။ နယ်ဘက်အရာရှိများထံမှမူ မတောင်းဝံ့သည်နှင့် မရလိုက်သည်များလည်း ကြားရဖူးလေသည်။ သို့နှင့်လည်း တချို့သူကြီးများသည် အသင်းမင်းကြီးအား အဆိပ်မရှိသော 'ရေမြွေ' ဟု သဘောထားကာ ကောင်းစွာ မလေးစားဘဲနေတတ်ကြ၏။ တခြားပစ္စည်းကား အရေးမကြီး။ လှည်းများကို အချိန်နှင့်ရဖို့ကား လွန်စွာအရေးကြီးလှ၏။ အဘယ်ကြောင့်ဆိုသော် မီးရထားမမီလိုက်ဟုဆိုလျှင် ဘာပြောပြော စာရေးကြီး၏အပြစ် ဖြစ်ရသောကြောင့်ပေတည်း။

**တောလိုက်စာရေး၏ ဗာဟီရအလုပ်**

ထိုညဉ့်၌ မင်းကြီးက အလုပ်လုပ်၍ သူရေးသောစာများကို ကျွန်ုပ်က လက်နှိပ်စက်ဖြင့် ရိုက်ကူးခြင်း၊ လက်မှတ်ထိုးစေခြင်း၊ နံပါတ်တပ်ခြင်း၊ စာရင်းသွင်းခြင်း၊ စာအိတ်တွင်ထည့်၍ပိတ်ခြင်း၊ တံဆိပ်ခေါင်းကပ်ခြင်း စသည်ဖြင့် ဆောင်ရွက်ပြီးသောအခါ ည ၁၀ နာရီခွဲပြီးလေပြီ။ ဤစာများမှာ ကျွန်ုပ်တို့စီးရမည့် မီးရထားဖြင့် ရန်ကုန်သို့ ပို့ရမည့်အစိုးရစာများဖြစ်လေသည်။ ကျွန်ုပ်တို့ ခရီးထွက်ရန်အစီအစဉ်မှာ နာရီပြန်တစ်ချက်တွင် အိပ်ရာမှထကြရန်၊ လှည်းများရောက်လာသောအခါ ပစ္စည်းများတင်၍ တစ်နာရီခွဲတွင် ဇရပ်မှ ထွက်ခွာကြရန်၊ နှစ်နာရီခွဲတွင် ဘူတာရုံသို့ရောက်၍ ပစ္စည်းများကို ချိန်တွယ်ခြင်း၊ တန်ဆာလုပ်ခြင်းပြီးစီးချိန်တွင် (သုံးနာရီထိုးသောအခါ) မီးရထားရောက်လာ၍ တက်စီးကြရန် ဖြစ်လေသည်။ ကျွန်ုပ်သည် ည ၁၁ နာရီတွင် အိပ်ရာသို့ဝင်၍ တစ်နာရီတွင် ကပျာကယာထကာ အိပ်ရာလိပ်ပြီးနောက် လှည်းများကို မေးလိုက်ရာ မရောက်ကြသေးချေ။ ဤတွင် သူကြီးအိမ်သို့ ချာပရာစီကိုစေလွှတ်ပြီး ခေါ်ခိုင်းရသဖြင့် တစ်နာရီခွဲခါနီးမှ ရောက်လာကြ၏။ သို့နှင့် အချိန်လုပြီး ကတိုက်ကရိုက်တင် အပြေးအလွှား မောင်းကြရသဖြင့် ၂ နာရီ ၄၅ မိနစ်တွင်မှ ဘူတာရုံသို့ရောက်ကြ၍ ပျာယီးပျာယာ တန်ဆာလုပ်ပြီး မီးရထားဝင်လာလေတော့သည်။ 'တော်သေးရဲ့'ဟု စိတ်ထဲ၌ ဟီးချမိရာ မတော်သောအခြင်းအရာတစ်ခု ကြုံရပါတော့သည်။

> **"တစ်ခါတစ်ရံတွင် မြို့ကြီးများ၌ စတည်းချသောအခါ မြို့ပေါ်မှ အရာရှိကြီးများကို ဖိတ်ခေါ်ကာ ဒင်းနားပါတီ ကျွေးလိုက်ချေသေး၏။ မင်းကြီးက ကျွန်ုပ်အား လှည်းသုံးစီး တိုက်ရသည့် သူ၏ပစ္စည်းအားလုံးသည် ကျွန်ုပ်၏တာဝန်ဖြစ်ကြောင်း၊ တော၌ လိုက်ပါလာသော အစေခံများအားလုံးသည် ကျွန်ုပ်၏ ဩဇာခံများဖြစ်ကြ၍ အစစအရာရာတွင် ကျွန်ုပ်က ကြည့်ပြီး စီမံရမည်ဖြစ်ကြောင်း ပြောပြထား၏။ ကိုမြစ် ကလည်း ဤဗိုလ်ကြီး၏ ပစ္စည်းခင်တွယ်တတ်ကြောင်း ပြောထားဖူးလေသည်. . ."**

**အဆုံးခံရခြင်း**

နောက်တစ်စခန်းသို့ နံနက် ၈ နာရီလောက်တွင် ဆိုက်ရောက်ကြ၍ (မြို့ကြီးဖြစ်သည့်အလျောက်) ဗိုလ်တဲ၌ တည်းခိုကြရ၏။ ချာပရာစီများ၊ ဘတ္တလာများ၊ ထမင်းချက်များသည် မိမိတို့နှင့်ဆိုင်ရာ ပစ္စည်းများကို နေထားတကျ စီစဉ်ပြင်ဆင်လျက်ရှိကြစဉ် အစေခံများ ခေါင်းချင်းရိုက်ကာ တီးတိုးတိုင်ပင်လျက်ရှိကြခြင်းကို မြင်၍ 'ဘာဖြစ်ကြတာလဲ' ဟု ကျွန်ုပ်က မေး၏။ 'မိုးတော့ မီးလောင်တော့မယ် စာရေးကြီးရေ'ဟု ဘတ္တလာကပြောသဖြင့် ကျွန်ုပ်ထိတ်လန့်သွား၏။ 'ဘယ်လိုဖြစ်တာလဲ' ဟု ကျွန်ုပ်က ထပ်၍မေးတော့ မင်းကြီး၏ ရွက်ဖျင်ကုလားထိုင်တွင် ချိတ်ထားရသည့် ခေါင်းအုံးလေး ကျကျန်ရစ်ကြောင်း သိရလေ၏။ 'ဟာ ... ဒီလိုဆို မဖြစ်ဘူး။ ဈေးထဲသွားပြီး မရရအောင် ရှာဝယ်ချေ'ဟု ပြောကာ ချာပရာစီတစ်ယောက်ကို ကျွန်ုပ်လွှတ်လိုက်၏။ မင်းကြီးသည် နံနက်စာစားပြီးမှ ရွက်ဖျင်ကုလားထိုင်ပေါ်တွင် သတင်းစာဖတ်လေ့ရှိသောကြောင့် အချိန်ရသေးသည်ဟု အောက်မေ့ကာ စိတ်မပူလှဘဲရှိသေး၏။ မည်သည့်နည်းနှင့်မဆို ဤပစ္စည်းကလေးမျိုးအတွက်မှာ အစေခံများ၏ အလုပ်ဖြစ်၍ ရုံးသေတ္တာကြီးသုံးလုံးကို ပစ္စည်းစေ့စုံအောင်ထည့်ခဲ့ဖို့ တာဝန်ယူရသည့် စာရေးကြီး၏ အပူမဟုတ်နိုင်ဟု ခပ်ပေါ့ပေါ့ပင်အောက်မေ့လိုက်၏။ အလွန်ဆုံးတွက်လိုက်လျှင် 'သူတို့အား ဆူသည်ကို ငါမြင်ရချေတော့မည်လော'ဟူ၍သာ ပူပန်မိပါ၏။ ခေါင်းအုံးလေးတစ်လုံးဝယ်ဖို့ စေလွှတ်လိုက်သော ချာပရာစီ မောင်ပြူးလည်းပြန်မလာချေ။ 'လူကလေး စားစရာယူလာခဲ့' ဟု မင်းကြီးက တောင်းလိုက်သောအခါ၌ပင် မောင်ပြူး မရောက်လာသေးချေ။ ကျွန်ုပ်သည် ထမင်းချက်ကုလားအား ဖြည်းဖြည်းချက်ရန် 'အာစတေးဘာဘူ၊ အာစတေး'ဟု လက်သိပ်ထိုးပြောထားရ၏။ မင်းကြီးသည် စားစရာတစ်ပွဲပြီးတစ်ပွဲစား၍ သုံးပွဲကုန်သည့်တိုင်အောင်လည်း မောင်ပြူး ပေါ်မလာသေးချေ။ 'သတင်းစာယူခဲ့'ဟု ခေါ်လိုက်ရာတွင်မှ မောင်ပြူးသည် မြို့ထဲမှ ဖတ်ဖတ်မောပြေးလာ၍ လက်ထဲတွင် ခေါင်းအုံးလေးပါလာ၏။

ထိုအခိုက်တွင် မင်းကြီးသည် ရေချိုးခန်းသို့ ခေတ္တဝင်သွားရာ ကျွန်ုပ်က မောင်ပြူးအား မေးကြည့်သည်တွင် တစ်မြို့လုံး၌ ဤခေါင်းအုံးမျိုး တစ်လုံးမျှ မရှိသောကြောင့် အကြာကြီးရှာနေပြီးမှ နောက်ဆုံးတွင် စက်ချုပ်ဆိုင်တစ်ဆိုင်၌ ကတိုက်ကရိုက်ချုပ်ယူခဲ့ရကြောင်း ပြောပြလေ၏။

'တော်သေးရဲ့ကွာငါ့လူ'ဟု ကျွန်ုပ်က ချီးမွမ်းမိသေးသည်။ မင်းကြီးသည် ရေချိုးခန်းမှထွက်လာ၍ ရွက်ဖျင်ကုလားထိုင်ပေါ်၌ ထိုင်မည်ပြုသည်တွင် ခေါင်းအုံးလေးကိုမြင်၍ တန့်ခနဲဖြစ်သွားပြီး 'စာရေးကြီး'ဟု ခေါ်လိုက်၏။ ကျွန်ုပ်၏ အထင်မှာ အစေခံများဖျောက်ပစ်ခဲ့သော ပစ္စည်းတစ်ခုအတွက် အစားထိုးနိုင်အောင် ကျွန်ုပ်က စီမံထားခြင်းကြောင့် မျက်နှာကောင်းရလိမ့်မည်ဟု မျှော်လင့်မိ၏။ ထိုကဲ့သို့ကား မဟုတ်ချေ။ မင်းကြီးက ဖြစ်ပုံကိုမေး၍ ကျွန်ုပ်က အမှန်အတိုင်း ပြောပြရာတွင် မင်းကြီးသည် မျက်နှာများနီလာ၍ ကျွန်ုပ်၏ ပေါ့လျော့မှုအတွက် ကြိမ်းမောင်းလေတော့သည်။ ကျွန်ုပ်က လှည်းကိစ္စနှင့်တကွ စီမံရ၍ ညဉ့်နက်အောင် အလုပ်လုပ်ရခြင်း၊ ရုံးနှင့်ဆိုင်ရာ စာရွက်စာတမ်းများနှင့် ဖိုင်တွဲများကို စေ့စုံအောင် ဂရုစိုက်ရခြင်းတို့ကြောင့် ခေါင်းအုံးလေးကို ဂရုမစိုက်နိုင်ကြောင်း ပြောလေရာ မစ္စတာကလေတင်သည် တိုး၍ စိတ်ဆိုးလာ၏။ နောက်ဆုံး၌ ဘာမျှ မပြောဝံ့တော့ဘဲ ဆိတ်ဆိတ်နေလိုက်ရပါတော့သည်။ **ဆက်လက်ဖော်ပြပါမည်။**

## မိုးညှင်းမြို့နယ် ဟဲလုံခေတ်မီစံပြကျေးရွာ၌ ပိုးသတ်ဆေးမှန်ကန်စွာသုံးစွဲနိုင်ရေး တောင်သူအသိပညာပေးဟောပြောပွဲကျင်းပ



မိုးညှင်း ဖေဖော်ဝါရီ ၁၇

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခေတ်မီစံပြကျေးရွာ (Smart Village) အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဟဲလုံခေတ်မီစံပြကျေးရွာ၌ တောင်သူများ ပိုးသတ်ဆေးမှန်ကန်စွာသုံးစွဲနိုင်ရေး အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီလ ၁၆ ရက်က အဆိုပါကျေးရွာရှိ သီရိရတနာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မိုးညှင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းထွန်းဝင်းက အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက တောင်သူများ ပိုးသတ်ဆေးသုံးစွဲရာတွင် မှန်ကန်စွာသုံးစွဲနိုင်ရေး ဆောင်ရန်၊ ရှောင်ရန်အချက်များကို ရှင်းလင်းပြောကြားပြီး မိုးညှင်းခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးမှူးက နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ တားဆီးကာကွယ်ရေးဆိုင်ရာ အချက်အလက်များကို အသိပညာပေး ဆွေးနွေးဟောပြောသည်။

ထို့နောက် တက်ရောက်လာကြသည့် တောင်သူများက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးပေးသည်။ အဆိုပါ အသိပညာပေးဟောပြောပွဲသို့ ဟဲလုံခေတ်မီစံပြကျေးရွာမှ တောင်သူ ၃၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ချစ်ဦးကို**

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်နေသည့်မြို့ ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကိုကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကိုအသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။"**

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

## မြန်မာ့စီးပွားရေးဘဏ်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ချုပ်စာရင်းပိတ် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကျင်းပ





နေပြည်တော် ဖေဖော်ဝါရီ ၁၇

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့စီးပွားရေးဘဏ်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၊ နှစ်ချုပ်စာရင်းပိတ်လုပ်ငန်း ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ မြန်မာ့စီးပွားရေးဘဏ် မြတ်ပန်းသဇင်ခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ဒုတိယဝန်ကြီးများ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့မှ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာ့စီးပွားရေးဘဏ် တိုင်းဒေသကြီး၊ ပြည်နယ်မန်နေဂျာများနှင့် ခရိုင်ဘဏ်ခွဲမန်နေဂျာများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက မြန်မာ့စီးပွားရေးဘဏ်သည် ပြည်သူများယုံကြည်စိတ်ချရသော နိုင်ငံပိုင်ဘဏ်ကြီးဖြစ်၍ ပြည်သူများက အပ်ငွေများ တိုးမြှင့်အပ်နှံလာရေး၊ အပ်ငွေများကို ထိရောက်စွာအသုံးချပြီး အရည်အသွေးပြည့်ဝသည့် ချေးငွေများကို ဘဏ်စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ထုတ်ချေးရေးနှင့် ချေးငွေသုံးစွဲမှုများ စနစ်တကျဖြစ်စေရေးအတွက် မန်နေဂျာများက စဉ်ဆက်မပြတ်ကြီးကြပ်စစ်ဆေးဆောင်ရွက်ကြရန်၊ ချေးငွေများကို သတ်မှတ်ကာလအတွင်း ပြန်လည်ပေးဆပ်နိုင်စေရေး၊ ကြွေးကျန်များလျော့နည်းကျဆင်းလာရေးအတွက်ကြိုးပမ်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ဘဏ်လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ကြီးကြပ်နိုင်ရေးအတွက် ဘဏ်တွင်းစာရင်းစစ်ဌာနခွဲမှ ဘဏ်ခွဲများအား ပုံမှန်စစ်ဆေးခြင်း၊ သွားလာရန်ခက်ခဲသည့်ဘဏ်ခွဲများကို Off-site စနစ်ဖြင့် စစ်ဆေးခြင်းများကို အလေးထားဆောင်ရွက်ကြရန်လိုကြောင်း၊ သို့မှသာ ငွေကြေးမသမာမှုများနှင့် အလွဲသုံးစားမှုများကို အချိန်မီထိရောက်စွာကာကွယ်တားဆီးနိုင်မည်ဖြစ်ကြောင်း၊ ဘဏ်နှင့် ဆက်သွယ်ဆောင်ရွက်သူပြည်သူများ ဘဏ်နှင့်အကျွမ်းတဝင်ရှိလာပြီး ဘဏ်လုပ်ငန်းတွင် ယုံကြည်မှုရှိစွာ အားလုံးပါဝင်ဆောင်ရွက်လာနိုင်စေရေးအတွက် ပြည်သူများအား ဘဏ်လုပ်ငန်းဆိုင်ရာအသိပညာနှင့်ခေတ်မီဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ရရှိခံစားစေရန် ကြိုးပမ်းဆောင်ရွက်ပေးစေလိုကြောင်း မှာကြားသည်။

မြန်မာ့စီးပွားရေးဘဏ်သည်ဘဏ္ဍာရေးနှစ်အလိုက် နှစ်ချုပ်စာရင်းပိတ်လုပ်ငန်း ညှိနှိုင်းဆွေးနွေးပွဲကို နှစ်စဉ်ကျင်းပလျက်ရှိပြီး ယခုနှစ်ဆွေးနွေးပွဲတွင်မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့်ပူးပေါင်း၍ ဘဏ်လုပ်ငန်းဆိုင်ရာစာတမ်းဖတ်ပွဲများအပါအဝင် ကဏ္ဍအလိုက်ဆွေးနွေးမှုများကို ဖေဖော်ဝါရီလ ၂၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## အခြေခံစာရင်းကိုင်နှင့် ရုံးလုပ်ငန်းကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၂၃၇) သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ



နေပြည်တော် ဖေဖော်ဝါရီ ၁၇

အခြေခံစာရင်းကိုင်နှင့် ရုံးလုပ်ငန်းကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၂၃၇) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပသည်။

သင်တန်းဖွင့်ပွဲသို့ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦး၊ ဒုတိယစာရင်းစစ်ချုပ်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းကထိကများနှင့် သင်တန်းသားများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်စာရင်းစစ်ချုပ်ရုံးများမှ တာဝန်ရှိသူများ၊ ကထိကများနှင့် သင်တန်းသားများက Online ဖြင့် တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်က ယခင်ကစာရင်းကိုင်နှင့်ရုံးလုပ်ငန်းကျွမ်းကျင်မှုသင်တန်းများကို Face to Face ဖွင့်လှစ်ခဲ့ရာမှ ယခုသင်တန်းအမှတ်စဉ်မှစ၍ ဝန်ထမ်းများကုန်ကျစရိတ်သက်သာစွာ တာဝန်ထမ်းဆောင်ရာဒေသမှ လုပ်ငန်းခွင်မပျက် သင်တန်းတက်ရောက်နိုင်ရန် Online ဖြင့် ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ သင်တန်းတွင် ပြည့်စုံမှန်ကန်သည့် စာရင်းများကို အများလက်ခံကျင့်သုံးနေသည့် စာရင်းကိုင်မူဝါဒများနှင့်အညီ လိုက်နာရေးဆွဲတတ်စေရန်၊ ဝန်ထမ်းရေးရာကိစ္စများ၊ အသုံးစရိတ်ဆိုင်ရာ ပြဋ္ဌာန်းချက်များစသည်တို့ကို စနစ်တကျဆောင်ရွက်တတ်စေရန်၊ အခြေခံစာရင်းရေးစာရင်းကိုင်ပညာနှင့် စတိုပစ္စည်းစာရင်းထားနည်း၊ ဘဏ္ဍာရေးစည်းမျဉ်း၊ ဝန်ထမ်းစည်းမျဉ်း၊ ဦးစီးဌာနစာရင်းပညာနှင့် ရုံးစာရေးသားနည်းဘာသာရပ်များကို ပို့ချပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း သင်တန်းကျောင်းတာဝန်ခံက သင်တန်းဆိုင်ရာအချက်အလက်များကို ရှင်းလင်းပြောကြားကြသည်။

သင်တန်းတွင် နေပြည်တော်မှ ၄၃၄ ဦး၊ ကရင်ပြည်နယ်မှ ၁၄ ဦး၊ ချင်းပြည်နယ်မှ ၁၀ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၄၃ ဦး၊ တနင်္သာရီတိုင်းဒေသကြီးမှ ၂၅ ဦး၊ ပဲခူးတိုင်းဒေသကြီးမှ ၃၃ ဦး၊ မကွေးတိုင်းဒေသကြီးမှ ၆၄ ဦး၊ မန္တလေးတိုင်းဒေသကြီးမှ ၁၀၇ ဦး၊ မွန်ပြည်နယ်မှ ၂၂ ဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ ၁၆၄ ဦး၊ ရှမ်းပြည်နယ်မှ ၄၇ ဦး၊ ဧရာဝတီတိုင်းဒေသကြီးမှ ၃၇ ဦး စုစုပေါင်း ၁၀၀၀ ကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၁၇ ရက်မှ ဧပြီလ ၃၀ ရက်အထိ Online ဖြင့် ဖွင့်လှစ်သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

(၅၀၀)

# ဒွါဒသမအကြိမ် မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင်ဖြေဆိုပူဇော်ပွဲ အရည်အချင်းစစ်စာမေးပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင်အဖွဲ့(ဗဟို) ဒွါဒသမအကြိမ် မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင်ဖြေဆိုပူဇော်ပွဲ အရည်အချင်းစစ်စာမေးပွဲကျင်းပမည်ဖြစ်ကြောင်း ရုံးအဖွဲ့ အရည်အချင်းစစ်စာမေးပွဲကျင်းပရေးဆိုင်ရာ မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင်အဖွဲ့(ဗဟို)မှ သိရသည်။

အဆိုပါစာမေးပွဲဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများသည် မေလ ၃၀ ရက်တွင် အခြေခံပညာမူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူများဖြစ်ပါက အသက် ၁၂ နှစ် ခြောက်လအောက်နှင့် အခြေခံပညာအလယ်တန်းအဆင့်ဖြစ်ပါက အသက် ၁၂ နှစ် ခြောက်လအထက်မှ အသက် ၁၅ နှစ် ခြောက်လအတွင်းရှိရမည်ဖြစ်သည်။

အခြေခံပညာ မူလတန်းအဆင့်နှင့် အလယ်တန်းအဆင့် အရည်အချင်းစစ်စာမေးပွဲ ဝင်ခွင့်တောင်းခံလွှာများကို သက်ဆိုင်ရာစာဖြေဌာနများမှ ဖေဖော်ဝါရီလ ၁၇ ရက်မှစတင်၍ ထုတ်ယူနိုင်မည်ဖြစ်သည်။ အရည်အချင်းစစ်စာမေးပွဲတွင် ပါဝင်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများစာရင်းကို မတ်လ ၁၄ ရက် နောက်ဆုံးထား၍ ပြန်လည်ပေးပို့ရမည်ဖြစ်သည်။

အခြေခံပညာ မူလတန်းအဆင့်နှင့် အလယ်တန်းအဆင့် အရည်အချင်းစစ်ရေးဖြေစာမေးပွဲကို ဧပြီလ ၁၀ ရက် နံနက် ၉ နာရီမှ နံနက် ၁၀ နာရီခွဲအတွင်း တစ်နိုင်ငံလုံးရှိ စာဖြေဌာနအားလုံး၌ တစ်ပြိုင်နက်ဖြေဆိုကြရမည်ဖြစ်သည်။

စာစစ်ဌာနအလိုက် အောင်စာရင်းများကို ဗဟိုအတည်ပြုစနစ်ဖြင့် ထုတ်ပြန်ပေးမည်ဖြစ်ပြီး သက်ဆိုင်ရာတိုင်းဒေသကြီးနှင့်ပြည်နယ်ကိုယ်စားပြု အောင်မြင်သူများစာရင်းကို ထုတ်ပြန်ကြေညာမည်ဖြစ်ကြောင်း သိရသည်။

ခင်မောင်တင်

# သထုံမြို့ ပရိယတ္တိသာသနဟိတအသင်းကြီး၏ (၉၇)ကြိမ်မြောက် မဟာဓမ္မပူဇာ ဘွဲ့နှင်းသဘင်ကျင်းပ



သထုံ ဖေဖော်ဝါရီ ၁၇

မွန်ပြည်နယ် သထုံမြို့ ပရိယတ္တိသာသနဟိတအသင်းကြီး၏ (၉၇) ကြိမ်မြောက် မဟာဓမ္မပူဇာဘွဲ့နှင်းသဘင် အခမ်းအနားကို ဖေဖော်ဝါရီလ ၁၆ ရက်က မြသပိတ်တောင်ခြေ သဒ္ဓမ္မဇောတိကာရာမကျောင်းတိုက်အတွင်းရှိ ဘွဲ့နှင်းဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ စာအောင်သံဃာတော်များအား ကြိုဆိုပင့်ဆောင်ကြပြီး သဒ္ဓမ္မဇောတိကာရာမကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဗဟိုသံဃာ့ဝန်ဆောင် ဘဒ္ဒန္တသုမနာဘိဝံသထံမှ ဩဝါဒ ပရိသတ်အပေါင်းက သီလခံယူဆောက်တည်ကြသည်။

ယင်းနောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က ပရိယတ္တိသာသနဟိတအသင်း နာယကဆရာတော်ကြီးများထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ပရိယတ္တိသာသနဟိတအသင်းဥက္ကဋ္ဌ ဦးတင်မြင့်နှင့် အမှုဆောင်တို့က (၉၇) ကြိမ်မြောက် မဟာဓမ္မပူဇာ ဘွဲ့နှင်းသဘင်ကျင်းပခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ (၉၇) ကြိမ်မြောက် သုဝဏ္ဏဘူမိ ပရိယတ္တိစာမေးပွဲမှ အဆင့်အတန်းအသီးသီးဖြင့် အောင်မြင်တော်မူခဲ့ကြသူတို့အား ပရိယတ္တိသာသနဟိတအသင်း ဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က ဘွဲ့တံဆိပ်အသီးသီးကို ဆက်ကပ်လှူဒါန်းကြပြီး အလှူရှင်များက လှူဖွယ်ပစ္စည်းများ လောင်းလှူကြသည်။

ပရိယတ္တိသာသနဟိတအသင်းကြီးမှ ကျင်းပသည့် (၉၇) ကြိမ်မြောက် သုဝဏ္ဏဘူမိ ပရိယတ္တိစာမေးပွဲကို ၂၀၂၄ ခုနှစ် ဇွန်လ ၂၉ ရက်မှ ဇူလိုင်လ ၅ ရက်အထိ ကျင်းပခဲ့ရာ သံဃာတော်နှင့် သီလရှင် စုစုပေါင်း အပါး ၁၈၀ ဝင်ရောက်ဖြေဆိုခဲ့ကြကြောင်း၊ (၉၇) ကြိမ်မြောက် မဟာဓမ္မပူဇာဘွဲ့နှင်းသဘင်တွင် အမြင့်ဆုံးဘွဲ့ဖြစ်သည့် ပိဋကတ္တရ ပါရဂူဘွဲ့ရတစ်ပါး၊ ပထမစာချဘွဲ့ရနှစ်ပါး၊ ဒုတိယစာချဘွဲ့ရသုံးပါးနှင့် အဆင့်အတန်းအသီးသီးတွင် အောင်မြင်ကြသူ ၄၁ ပါးရှိကြောင်း သိရသည်။

ချမ်းမြေ့

# ပွင့်ဖြူမြို့မဈေးကြီး၌ မီးဘေးလုံခြုံရေးနှင့် ဈေးလုံခြုံရေးလုပ်ငန်းများဆောင်ရွက်

ပွင့်ဖြူ ဖေဖော်ဝါရီ ၁၇

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ ပွင့်ဖြူမြို့မဈေးကြီးအပါအဝင် ကျေးလက်စည်ပင်သာယာဈေးလေးခုကို မီးဘေးလုံခြုံရေးနှင့် ဈေးလုံခြုံရေးလုပ်ငန်းများ ကြပ်မတ်စစ်ဆေးဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီလ ၁၇ ရက်တွင် ဝန်ထမ်းများပူးပေါင်းအဖွဲ့က ပွင့်ဖြူမြို့မဈေးကြီး၌ မီးဘေးလုံခြုံရေးနှင့် ဈေးလုံခြုံရေးအတွက် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ကြကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလင်းမင်းညွန့်၏ကြီးကြပ်မှုဖြင့် ဈေးတာဝန်ခံနှင့်ဝန်ထမ်းများက ဈေးကော်မတီဝင်များနှင့်ပူးပေါင်း၍ ပွင့်ဖြူမြို့မဈေးကြီး၌ မီးဘေးလုံခြုံရေးနှင့် ဈေးလုံခြုံရေးအတွက် ဈေးဝင်ပေါက်တံခါးများ ပျက်စီးယိုယွင်းနေမှုများကို ပြန်လည်ပြုပြင်ခြင်း၊ မီးဘေးအန္တရာယ်တွေ့ကြုံလာပါက မီးသတ်ယာဉ်များ လွယ်လင့်တကူသွားလာနိုင်ရန် ဈေးအဝင်/အထွက်လမ်းများပြုပြင်ခြင်း၊ ဈေးအတွင်း လျှပ်စစ်အန္တရာယ်ကင်းဝေးစေရန် ပြုပြင်ထိန်းသိမ်းခြင်းနှင့် ဈေးပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် စည်ပင်သာယာနယ်နိမိတ်အတွင်း ဖွင့်လှစ်ရောင်းချလျက်ရှိသောဈေးများ၌ မီးဘေးလုံခြုံရေးနှင့် ဈေးလုံခြုံရေးလုပ်ငန်းများကို နေ့ညမပြတ် ကြပ်မတ်စစ်ဆေးခြင်း၊ ဈေးရောင်းဈေးဝယ်ပြည်သူများ ပလတ်စတစ်အိတ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးခြင်းအပြင် ဈေးတွင်း၊ ဈေးပြင် သန့်ရှင်းသပ်ရပ်မှုရှိစေရန် အပတ်စဉ် ဈေးသန့်ရှင်းရေးလုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

# ယခုဘဏ္ဍာနှစ် ၁၀ လတာကာလအတွင်း ပြည်ပသို့ ပုစွန်မက်ထရစ်တန် ၇၀၀၀ ကျော်တင်ပို့ထားနိုင်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

မြန်မာနိုင်ငံမှ ပြည်ပသို့ ရေထွက်ကုန်ပစ္စည်းများတင်ပို့လျက်ရှိရာ ယခုဘဏ္ဍာနှစ် ၁၀ လတာကာလအတွင်း ပြည်ပသို့ ပုစွန်တင်ပို့မှုအနေဖြင့် မက်ထရစ်တန် ၇၀၀၀ ကျော် တင်ပို့ထားနိုင်ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။


"၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၂၀၂၄ ခုနှစ် ဧပြီလ ၁ ရက်ကနေ ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်အထိ ၁၀ လတာကာလအတွင်း ပြည်ပကို ပုစွန်တင်ပို့မှုအနေနဲ့ မက်ထရစ်တန် ၇၀၂၈ ဒသမ ၄၁၈ တန် တင်ပို့ထားနိုင်ပြီး အမေရိကန်ဒေါ်လာ ၂၃ ဒသမ ၆၆၃ သန်း ရရှိခဲ့ပါတယ်" ဟု ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ၂၀၂၄ ခုနှစ် ဧပြီလ ၁ ရက်မှ ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်အထိ ၁၀ လတာကာလအတွင်း ပုံမှန်ကုန်သွယ်မှုမှ ပြည်ပသို့ ပုစွန်မက်ထရစ်တန် ၅၆၇၀ ဒသမ ၄၇၈ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၁၆၈ သန်း၊ နယ်စပ်ကုန်သွယ်မှုမှ ပြည်ပသို့ ပုစွန်မက်ထရစ်တန် ၁၃၅၇ ဒသမ ၉၄ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၇ ဒသမ ၄၉၅ သန်းရရှိခဲ့ကာ စုစုပေါင်း ပုစွန်မက်ထရစ်တန် ၇၀၂၈ ဒသမ ၄၁၈ တန် တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၂၃ ဒသမ ၆၆၃ သန်း ရရှိခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံမှ ငါး၊ ပုစွန် စသည့်ရေထွက်ကုန်ပစ္စည်းများကို ပြည်ပနိုင်ငံများဖြစ်သည့် တရုတ်၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ ဂျပန် စသည့်နိုင်ငံပေါင်း ၄၀ ကျော်သို့ တင်ပို့လျက်ရှိပြီး ရန်ကုန်မြို့မှတစ်ဆင့် ပုံမှန်တင်ပို့သည့်အပြင် နယ်စပ်ကုန်သွယ်ရေးမှလည်း တိုက်ရိုက်တင်ပို့ကြောင်း သိရသည်။

စောယု

## မိုးလေဝသ သတင်း



# ဥတ္တရသီရိမြို့နယ် မင်းကုန်းကျေးရွာအုပ်စုရှိ တောင်သူများနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ တွေ့ဆုံ



နေပြည်တော် ဖေဖော်ဝါရီ ၁၇

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၉ နာရီတွင် ဥတ္တရသီရိမြို့နယ် မင်းကုန်းကျေးရွာအုပ်စုရှိ တောင်သူများနှင့်တွေ့ဆုံပြီး စိုက်ပျိုးသီးနှံများ ပန်းတိုင်အထွက်နှုန်းထွက်ရှိရေး၊ သဘာဝမြေဩဇာ အသုံးပြုရေး၊ စိုက်ပျိုးရေမျာကို အလေအလွင့်မရှိစေရေး၊ သီးနှံစိုက်စွမ်းအားတိုးတက်ရေးတို့ကို မှာကြားသည်။

ထို့နောက် နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူးက သီးနှံစိုက်စွမ်းအားတိုးတက်ရေး၊ သီးထပ်သီးညှပ်စိုက်ပျိုးရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကိုရှင်းလင်းပြီး ဒေသတောင်သူများက လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ကျင်းပသည့် နေပြည်တော်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဥပဒေအသိပညာပြန့်ပွားရေး သင်တန်းဖွင့်ပွဲသို့ တက်ရောက်ပြီး ဖွင့်ပွဲတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌက အရာထမ်း၊ အမှုထမ်းများအနေဖြင့်လည်း ဥပဒေဆိုင်ရာ အခြေခံသဘောတရားများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်ပြီး သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အသီးသီး၌ ထမ်းဆောင်ရမည့် လုပ်ငန်းတာဝန်ဝတ္တရားများကို ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျ အမှားအယွင်းမရှိ တာဝန်ထမ်းဆောင်နိုင်သည့် နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်စေရန်၊ လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်တတ်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဇမ္ဗူသီရိမြို့နယ် စက်မှုလယ်ယာဦးစီးဌာန အမှတ်(၁)အလတ်စားလယ်ယာသုံးစက်ကိရိယာပြင်ဆင်ရေးနှင့် ထုတ်လုပ်ရေးအလုပ်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် လယ်ယာသုံးစက်ကိရိယာများဖြင့် နွေစပါးစိုက်ပျိုးမည့်တောင်သူများနှင့်တွေ့ဆုံကာ နေပြည်တော်အတွင်းရှိ လယ်ယာများတွင် ကောက်စိုက်စက်များဖြင့် စိုက်ကေများ ရာနှုန်းပြည့် စိုက်ပျိုးနိုင်ရေးနှင့်စပ်လျဉ်း၍ မှာကြားခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

# ယူအေအီးနိုင်ငံတွင် အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူတစ်ဦးအား ပြန်လည်ခေါ်ဆောင်ပေး

ရန်ကုန် ဖေဖော်ဝါရီ ၁၇

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပတွင်ရောက်ရှိနေသည့် အမိနိုင်ငံသားများ အခက်အခဲကြုံတွေ့နေရပါက နိုင်ငံသားများအပေါ် အလေးအနက်တန်ဖိုးထားသည့် အနေဖြင့် မည်သို့သောအခြေအနေနှင့် တွေ့ကြုံနေရသည်ဖြစ်စေ ကောင်စစ်ဝန်ချုပ်ရုံးနှင့် မြန်မာသံရုံးတို့သည် သက်ဆိုင်ရာသံရုံးများနှင့်ချိတ်ဆက်၍ နိုင်ငံသားများ မြန်မာနိုင်ငံသို့ အေးချမ်းလုံခြုံစွာ အမြန်ဆုံး ပြန်လည်ရောက်ရှိနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယူအေအီးနိုင်ငံ ဒူဘိုင်းမြို့တွင် အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူ မအိသန္တာအောင်အား မြန်မာနိုင်ငံသို့ အမြန်ဆုံးပြန်လည်ပို့ဆောင်နိုင်ရန် ကောင်စစ်ဝန်ချုပ်ရုံးအနေဖြင့် ဒူဘိုင်းမြို့ရှိ အာဏာပိုင်များနှင့် ညှိနှိုင်းကူညီဆောင်ရွက်ပေးခဲ့ပြီး ဖေဖော်ဝါရီလ ၁၆ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီ ၅ မိနစ်တွင် ယူအေအီးနိုင်ငံ ဒူဘိုင်းမြို့မှ မတ်စကတ်–ဘန်ကောက်–ရန်ကုန်လေကြောင်းခရီးစဉ်ဖြင့်ထွက်ခွာခဲ့ရာ ဖေဖော်ဝါရီလ ၁၇ ရက်



နံနက် ၁၂ နာရီ ၁၅ မိနစ်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပတွင် အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့ရသည့် မြန်မာနိုင်ငံသားများအား ကောင်စစ်ဝန်ချုပ်ရုံးနှင့်မြန်မာသံရုံးတို့၏ ညှိနှိုင်းကူညီဆောင်ရွက်မှုဖြင့် အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိရာ ယခုကဲ့သို့ အမိနိုင်ငံသားများ အတိဒုက္ခကြုံတွေ့နေရစဉ် ကူညီကယ်တင်ပေးမှုအား အလုပ်သမားနှင့် မိဘဆွေမျိုးများက နိုင်ငံတော်အစိုးရ၊ ကောင်စစ်ဝန်ချုပ်ရုံးနှင့် မြန်မာသံရုံးတို့အား လှိုက်လှဲစွာ အထူးကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။

ဓာတ်ပုံ – ကနူး
ညီမ်းသူ(သတင်းစဉ်)

## “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”**အစီအစဉ်မှ **“ မရိုးနိုင်သော ကောလာဟလများ”**ခေါင်းစဉ်ဖြင့် ၁၉–၂–၂၀၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ်ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“ အကြမ်းဖက် PDF တွေလား ဘာသာမဲ့အစွန်းရောက်တွေလား”**ခေါင်းစဉ်ဖြင့်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉–၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ဖုန်းနံပါတ်များနှင့်ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် မတွေ့ရှိရ

နေပြည်တော် ဖေဖော်ဝါရီ ၁၇

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ (၉–၂–၂၀၂၅) ရက်နေ့ ည (၈:၀၀) နာရီမှ (၁၆–၂–၂၀၂၅) ရက်နေ့ည (၈:၀၀) နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၂၅၄၃ ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် မတွေ့ရှိရပါ။ အစီရင်ခံကာလအတွင်း ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC) မှ သတင်းထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေး ဗဟိုဌာန (Myanmar CDC)**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**
**ကျန်းမာရေးဝန်ကြီးဌာန**

# VDP စီမံကိန်းဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီး



ပင်းတယ ဖေဖော်ဝါရီ ၁၇

ရှမ်းပြည်နယ် (တောင်ပိုင်း)ပင်းတယမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄–၂၀၂၅ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် ပေါ်စံသီးကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဖေဖော်ဝါရီလ ၁၇ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် ပင်းတယမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကျော်၊ စီမံကိန်းတာဝန်ခံနှင့်အင်ဂျင်နီယာဝန်ထမ်းများသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီဝင်များနှင့်အတူ ပေါ်စံသီးကျေးရွာ၌ အရှည်ပေ ၉၀၀၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းကြိုးစားကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ကျေးရွာတွင်းလမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၃ ဒသမ ၃၅ သန်းကိုအသုံးပြုကာ ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ဒုတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ရာ ယခုအခါလုပ်ငန်းအားလုံးဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ပိုးသခင်

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၁၇˚c | / | ၃၃˚c |
| ရန်ကုန် | ၁၉˚c | / | ၃၄˚c |
| မန္တလေး | ၁၆˚c | / | ၃၄˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# အာဟာရသည် ကလေးဘဝမှစ၍ အသက်အရွယ်ကြီးသူများအထိ ကျန်းမာရေးကို ထောက်ပံ့ပေးခြင်းနှင့် အန္တရာယ်ရှိသောအပြုအမူများမှ ကာကွယ်ပေးခြင်း

ရတနာ(သုတေသီ)

အာဟာရသည် ကလေးဘဝမှစ၍ အသက်အရွယ်ကြီးသည်အထိ ကျန်းမာစွာနေထိုင်နိုင်ခြင်းနှင့် ရောဂါများကာကွယ်ပေးခြင်းတို့အတွက် အရေးကြီးသောအခန်းကဏ္ဍတစ်ခုပင်ဖြစ်ပါသည်။ အာဟာရမျှတစွာရရှိပါက ခန္ဓာကိုယ်၏အလုပ်လုပ်ဆောင်မှုများကို ထောက်ပံ့ပေးပြီး သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ အဝလွန်ရောဂါ၊ နှလုံးသွေးကြောကျဉ်းရောဂါ စသည့် မကူးစက်နိုင်သောရောဂါများကို ကာကွယ်ပေးသည်။ အာဟာရမျှတမှုမရှိသည့်အပြင် ကိုယ်လက်လှုပ်ရှားမှုနည်းပါးပါက မကူးစက်နိုင်သောရောဂါများဖြစ်ပွားနိုင်ခြေ ပိုမိုများပြားမည်ဖြစ်သည်။ အာဟာရမျှတစွာစားသုံးပါက ကိုယ်ကာယဖွံ့ဖြိုးတိုးတက်မှုနှင့် စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှု၊ ဆုံးဖြတ်ချက်ချနိုင်စွမ်းတို့ကို အထောက်အကူပြုနိုင်ရုံသာမက စိတ်ဖိစီးမှုများ၊ စိတ်မထိန်းချုပ်နိုင်မှုများကိုလည်း လျော့ကျစေနိုင်ပါသည်။ အာဟာရမျှတစွာစားသုံးပြီး ကျန်းမာသောစားသောက်မှုပုံစံဖြင့် လေ့ကျင့်စားသုံးပါက ကျန်းမာရေးဆိုင်ရာအန္တရာယ်ရှိသည့် အပြုအမူများပြုလုပ်ခြင်းကို ကာကွယ်ပေးနိုင်သည့်အပြင် ခန္ဓာကိုယ်အလေးချိန်ကိုလည်း ထိန်းသိမ်းနိုင်ပါမည်။

**ကလေးများနှင့် လူငယ်များအတွက် အာဟာရ**

မိခင်ဝမ်းတွင်းသန္ဓေသားဘဝမှစ၍ အသက်နှစ်နှစ်အရွယ်အထိ ပထမရက် (၁၀၀၀) သည် ကလေးငယ်များအတွက် အာဟာရပြည့်ဝရန် အရေးကြီးသည်ဟု ယခင်က သိနားလည်သော်လည်း ရက် (၈၀၀၀) အရွယ် (ပျမ်းမျှအသက်၂၀ နှစ်ဝန်းကျင်အထိ) သည်လည်း အာဟာရပြည့်ဝရန် အရေးကြီးလှပါသည်။ အကြောင်းမှာ အာဟာရပြည့်ဝမှုမရှိပါက ဆယ်ကျော်သက်အရွယ်တွင် နောက်တစ်ကြိမ် ကိုယ်ကာယဖွံ့ဖြိုးတိုးတက်သည့်အခါ ဖွံ့ဖြိုးမှုနည်းပါးပေလိမ့်မည်။ ထို့ကြောင့် ငယ်စဉ်ဘဝ ကောင်းမွန်သောအာဟာရသည် ကျန်းမာရေးကောင်းမွန်ခြင်းအတွက် အခြေခံအုတ်မြစ်ဖြစ်ပြီး ပညာရေး၊ ဉာဏ်ရည်ဖွံ့ဖြိုးမှုနှင့် စွမ်းဆောင်မှုများကို တိုးတက်စေပြီး အနာဂတ်ကျန်းမာရေးပြဿနာများကို ကာကွယ်နိုင်မည်ဖြစ်ပါသည်။

ယူနီဆက်၏ ၂၀၂၂ ခုနှစ် တွေ့ရှိချက်များအရ တစ်ကမ္ဘာလုံးတွင် ပုည့်က်သောကလေး (Stunting) မှာ (၂၂ ဒသမ ၃ ရာခိုင်နှုန်း)၊ ပိန်လှီသောကလေး (Wasting) မှာ (၆ ဒသမ ၈ ရာခိုင်နှုန်း) နှင့် ဝသောကလေး (Overweight) မှာ (၅ ဒသမ ၆ ရာခိုင်နှုန်း)တို့ရှိကြောင်း သိရှိရပါသည်။ မြန်မာနိုင်ငံတွင်မူ ပုည့်က်သောကလေးမှာ (၂၀ ရာခိုင်နှုန်း - ၃၀ ရာခိုင်နှုန်း)၊ ပိန်လှီသောကလေးမှာ (၅ ရာခိုင်နှုန်း - ၁၀ ရာခိုင်နှုန်း) နှင့် ဝသောကလေးမှာ (<၂ ဒသမ ၅ ရာခိုင်နှုန်း) အသီးသီးရှိကြောင်း သိရှိရပါသည်။

ကလေးအရွယ်နှင့် ဆယ်ကျော်သက်အရွယ်လူငယ်များတွင် ခန္ဓာကိုယ်ကြီးထွားမှု၊ အရိုးသန်မာမှု၊ ဟော်မုန်းများပြောင်းလဲမှုနှင့် သွေးအားနည်းခြင်းတို့ကို ကာကွယ်ရန်အတွက် အာဟာရပြည့်ဝသည့် မျှတသောစားသောက်မှု (Balanced Diet) ရှိရန် လိုအပ်ပါသည်။ လေ့လာချက်များအရ ယခုခေတ်အခါတွင် ကလေးအရွယ်များတွင် အချိုလွန်ကဲသောအစားအစာနှင့် ဖျော်ရည်များစားသုံးမှုများပြားခြင်း၊ အဆင့်ဆင့်ပြုပြင်ပြောင်းလဲထားသော အသင့်စားအစားအစာများ (Processed food) နှင့် အာဟာရပါဝင်မှုနည်းပါးသော အသင့်စားမုန့်ပဲသရေစာအစားအစာများ (Junk food) ကို လွန်လွန်ကဲကဲစားလာခြင်း၊ တစ်ယောက်စာ အစားအစာပမာဏကို ယခင်ကထက် ပိုမိုပြင်ဆင်၍ ပိုမိုစားသုံးလာခြင်းစသည့် စားသောက်မှုပုံစံလွဲမှားခြင်းနှင့် တီဗွီနှင့်ဖုန်းကဲ့သို့ စက်ပစ္စည်းများကို ကြည့်ရှုသုံးစွဲမှုများလာပြီး ကိုယ်လက်လှုပ်ရှားမှုနည်းပါးလာခြင်းတို့သည် အန္တရာယ်ရှိသောအပြုအမူများဖြစ်ကြောင်း သိရှိရပါသည်။

ဆယ်ကျော်သက်အရွယ်လူငယ်များတွင် ဖြစ်ပွားလေ့ရှိသော အန္တရာယ်ရှိသောအပြုအမူများမှာ အသင့်စားအစားအစာများကို လွန်လွန်ကဲကဲစားလာခြင်း၊ မနက်စာ သို့မဟုတ် နေ့လယ်စာ သို့မဟုတ် ညစာကိုမစားဘဲနေခြင်း၊ လူမှုကွန်ရက်တွင် ခေတ်စားလာသည့်စားသောက်ပုံနည်းလမ်းမှားများကို အတုယူဆောင်ရွက်ခြင်း (ဥပမာ-အဆိပ်အတောက်ဖယ်ရှားဖျော်ရည်များ (Detox drinks) သောက်သုံးခြင်း)၊

> **''မနက်စာကို မစားဘဲနေသည့်ဓလေ့ရှိသော ကလေးများတွင် ပညာသင်ယူနိုင်စွမ်း၊ မှတ်ဉာဏ်စွမ်းရည်၊ ပညာထူးချွန်မှုများသည် မနက်စာကို ပုံမှန်စားသည့်အလေ့ရှိသောကလေးများထက် လျော့နည်းကြောင်း သုတေသနတွေ့ရှိချက်များအရ သိရှိရပါသည်။ ထို့ကြောင့် ကျောင်းနေအရွယ်ကလေးများတွင် မနက်စာကို ပုံမှန်စားသည့်အလေ့အကျင့်ပြုလုပ်ပေးရန် လိုအပ်လှပါသည် . . .''**

ခန္ဓာကိုယ်အချိုးအစားလှပရန် အစားမစားဘဲနေလာရာမှ အစားအသောက်မှုမမှန်ခြင်းများ (Eating Disorders) ဖြစ်ပေါ်လာနိုင်ပါသည်။

အသက်ငါးနှစ်မှ ၁၉ နှစ်အရွယ်ကလေးများသည် ကာယ၊ ဉာဏဖွံ့ဖြိုးတိုးတက်မှုနှင့် တစ်သက်တာကျန်းမာသောလူနေမှုပုံစံရရှိရန် လေ့ကျင့်ပျိုးထောင်နိုင်သည့် အခွင့်အလမ်းအကောင်းဆုံးအရွယ်ဖြစ်ပါသည်။ ထိုသို့လေ့ကျင့်ပျိုးထောင်နိုင်ပါက ကလေးများသည် ပညာရေးတွင်အောင်မြင်မှုနှင့် ကျောင်းတွင်းစွမ်းဆောင်ရည်များတွင် တိုးတက်လာပြီး ပုည့်က်သောကလေးသည် ဆယ်ကျော်သက်အရွယ်တွင် ခန္ဓာကိုယ်ထွားကြိုင်းလာနိုင်ပါသည်။

ကျောင်းနေအရွယ်ကလေးများတွင် ကျန်းမာရေးနှင့်ညီညွတ်သောအစားအစာများ မစားဖြစ်ရသည့်အကြောင်းရင်းများတွင် အာဟာရပြည့်ဝသောအစားအစာများကို အလွယ်တကူလက်လှမ်းမမီခြင်းသည် အကြောင်းရင်းတစ်ခုဖြစ်ပြီး မိန်းကလေးများတွင် အဖြစ်များပြီး နောက်ဆက်တွဲအနေဖြင့် အာဟာရမပြည့်ဝမှုများဖြစ်ပေါ်လာကြောင်း သုတေသနများအရ သိရှိရပါသည်။ ထို့ပြင် သူငယ်ချင်းများနည်းတူလိုက်လျောညီထွေအောင်စားသုံးရာမှ အာဟာရပါဝင်မှုနည်းပါးသော အသင့်စားမုန့်ပဲသရေစာအစားအစာများ၊ အချိုလွန်ကဲသောအစားအစာများနှင့် ဖျော်ရည်များကိုစားသောက်မိခြင်း၊ ကျောင်းနှင့်ကျောင်းပတ်ဝန်းကျင်နေရာများတွင် အသင့်စားအစားအစာများကို အလွယ်တကူဝယ်ယူရရှိနိုင်ခြင်းနှင့် အာဟာရပြည့်ဝ၊ ကျန်းမာရေးနှင့်ညီညွတ်သည့်အစားအစာများကို စားသုံးမှုနည်းလာခြင်းတို့ပင်ဖြစ်သည်။

ယူနီဆက်စာရင်းများအရ တစ်ရက်လျှင် အသီးအရွက်တစ်ကြိမ်ပင် မစားဖြစ်သည်ကို ကျောင်းနေအရွယ်ကလေးများ၏ (၂၁ ရာခိုင်နှုန်း) တွင်လည်းကောင်း၊ တစ်ရက်လျှင် သစ်သီးတစ်ကြိမ်ပင်မစားဖြစ်သည်ကို ကျောင်းနေအရွယ်ကလေးများ၏ (၃၄ ရာခိုင်နှုန်း) တွင်လည်းကောင်း၊ နေ့စဉ် အချိုရည်သောက်သုံးမှုကို (၄၂ ရာခိုင်နှုန်း) တွင်လည်းကောင်း၊ အသင့်စားအစားအစာများကို အနည်းဆုံးတစ်ပတ်တစ်ကြိမ်စားသုံးမှုကို ကျောင်းနေအရွယ်ကလေးများ၏ (၄၆ ရာခိုင်နှုန်း) တွင်လည်းကောင်း တွေ့ရှိရပါသည်။ မနက်စာကို မစားဘဲနေသည့်ဓလေ့ရှိသောကလေးများတွင် ပညာသင်ယူနိုင်စွမ်း၊ မှတ်ဉာဏ်စွမ်းရည်၊ ပညာထူးချွန်မှုများသည် မနက်စာကို ပုံမှန်စားသည့်အလေ့ရှိသောကလေးများထက် လျော့နည်းကြောင်း သုတေသနတွေ့ရှိချက်များအရ သိရှိရပါသည်။ ထို့ကြောင့် ကျောင်းနေအရွယ်ကလေးများတွင် မနက်စာကို ပုံမှန်စားသည့်အလေ့အကျင့်ပြုလုပ်ပေးရန် လိုအပ်လှပါသည်။ ထို့ပြင် ဆယ်ကျော်သက်အရွယ်ကလေးများ၏ အန္တရာယ်ရှိသောအပြုအမူများလုပ်ဆောင်မှုသည် အချိုရည်အလွန်အကျွံသောက်သုံးမှုနှင့် ဆက်စပ်လျက်ရှိကြောင်းကိုလည်း နိုင်ငံပေါင်း ၂၆ နိုင်ငံတွင် ဆောင်ရွက်ထားသည့် သုတေသနစာတမ်းအပါအဝင် လေ့လာမှုများအရ သိရှိရပါသည်။

ကလေးသူငယ်များတွင် အန္တရာယ်ရှိသောအပြုအမူများလုပ်ဆောင်ခြင်းကို လျှော့ချနိုင်ရန်အတွက် မိဘများကို အာဟာရဆိုင်ရာကျန်းမာရေးဗဟုသုတတိုးပွားအောင်ဆောင်ရွက်ပေးခြင်း၊ ကလေးများကို အဆာပြေကျွေးမွေးရာတွင် ကျန်းမာရေးနှင့်ညီညွတ်သောအစားအစာများကိုသာ ကျွေးမွေးရန်အားပေးခြင်း၊ ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းလုပ်ငန်းများလုပ်ဆောင်ခြင်း၊ အချိုလွန်ကဲသောအစားအစာနှင့် ဖျော်ရည်များစားသုံးမှုကိုကန့်သတ်ခြင်း၊ အဆင့်ဆင့်ပြုပြင်ပြောင်းလဲထားသော အသင့်စားအစားအစာများကို ကန့်သတ်ထားခြင်း၊ တီဗွီနှင့်ဖုန်းကဲ့သို့ စက်ပစ္စည်းများ ကြည့်ရှုသုံးစွဲမှုကို အချိန်ပိုင်းပြုလုပ်ရန် စည်းကမ်းသတ်မှတ်ပေးခြင်း၊ ပြေးလွှားဆော့ကစားမှုများကို အားပေးခြင်းတို့ ပြုလုပ်ပေးရပါမည်။

ထို့အတူ ဆယ်ကျော်သက်လူငယ်များတွင်လည်း အန္တရာယ်ရှိသောအပြုအမူ လုပ်ဆောင်ချက်များ လျှော့ချနိုင်ရန်အတွက် အာဟာရပါဝင်မှုနည်းပါးသော အသင့်စားအစားအစာများ မစားသုံးစေဘဲ ကျန်းမာရေးနှင့်ညီညွတ်၊ အာဟာရမျှတသည့်အစားအစာများရွေးချယ်စားသုံးရန် သင်ကြားပေးခြင်း၊ အာဟာရမျှတသောအစားအစာများကို ပြင်ဆင်ချက်ပြုတ်တတ်စေရန် သင်ကြားပေးခြင်း၊ ကိုယ်တိုင်ယုံကြည်မှုရှိစေရန်နှင့် စိတ်ကျန်းမာရွှင်လန်းစေရန် စိတ်ဓာတ်မြှင့်တင်ပေးခြင်းများကို ပြုလုပ်သင့်ပါသည်။

**အရွယ်ရောက်ပြီးသူများအတွက် အာဟာရ**

အရွယ်ရောက်ပြီးသူများတွင် နေ့စဉ်ဆောင်ရွက်နေသော လုပ်ငန်းဆောင်တာများ ဆောင်ရွက်ရန်၊ ခန္ဓာကိုယ်တွင်းရှိ ဇီဝဖြစ်စဉ်များ မှန်ကန်ရန်၊ ခန္ဓာကိုယ်အလေးချိန်ထိန်းသိမ်းရန်၊ နှလုံးသွေးကြောကျဉ်းဆိုင်ရာရောဂါများဖြစ်ပွားခြင်းတို့မှ ကာကွယ်ရန်တို့အတွက် အာဟာရမျှတရန် လိုအပ်လှပါသည်။


**အရွယ်ရောက်ပြီးသူများအတွင်း ဖြစ်ပွားလေ့ရှိသော အန္တရာယ်ရှိသောအပြုအမူများ**

စိတ်ဖိစီးမှုကြောင့် ကျန်းမာရေးနှင့်မညီညွတ်ဘဲ အလွယ်တကူရနိုင်သော အစားအစာများကို ပိုမိုစားမိခြင်း၊ အစားကြူးခြင်း၊ မနက်စာမစားဘဲနေခြင်း၊ အဆင့်ဆင့်ပြုပြင်ပြောင်းလဲထားသော အသင့်စားအစားအစာများ (Processed food) များကိုသာ စားဖြစ်ခြင်း၊ အထိုင်များသောအလုပ်ကိုလုပ်ခြင်းတို့ဖြစ်ပါသည်။

အရွယ်ရောက်ပြီးသူများအတွက် အန္တရာယ်ရှိသောအပြုအမူများလုပ်ဆောင်မှုကို လျှော့ချနိုင်ရန်အတွက် နည်းလမ်းများအနေဖြင့် -

(၁)နှလုံးကျန်းမာရေးအတွက် ကောင်းမွန်သောအစားအစာများကို ရွေးချယ်စားသုံးရာတွင် ဦးစားပေး၍ စားသင့်သောအစားအစာများနှင့် တတ်နိုင်သမျှ လျှော့စားသင့်သောအစားအစာများဟူ၍ နှစ်မျိုးခွဲခြားထားပါသည်။ ဦးစားပေးစားသင့်သော အစားအစာများမှာ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်အမျိုးမျိုး၊ မသန့်စင်ဘဲ သဘာဝအတိုင်းရှိသော ကောက်ပဲသီးနှံ(Whole grains)အမျိုးမျိုး၊ ကျန်းမာရေးအတွက် ကောင်းမွန်သောအသားဓာတ်ပါဝင်သည့် ငါးအမျိုးမျိုး၊ ကြက်၊ ဘဲ၊ ပဲအမျိုးမျိုးနှင့် အစေ့အဆန်များ၊ အပင်မှထုတ်လုပ်ထားသော ဆီအမျိုးမျိုးတို့ဖြစ်ကြသည်။ တတ်နိုင်သမျှ လျှော့စားသင့်သော အစားအစာများမှာ သန့်စင်ထားသောကောက်ပဲသီးနှံ (Refined grains) အမျိုးမျိုး၊ အသေးစိတ်အဆင့်ဆင့်ပြုပြင်ပြောင်းလဲထားသောအသင့်စားအစားအစာများ (Ultra-processed food)၊ ဆားပါဝင်မှုများသောအစားအစာများ၊ အချိုဓာတ်လွန်ကဲသောအစားအစာများနှင့် ဖျော်ရည်များ၊ စားအုန်းဆီကဲ့သို့ ကျန်းမာရေးနှင့်မညီညွတ်သောဆီအမျိုးမျိုးတို့ဖြစ်ကြပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ လူတစ်ဦးလျှင် တစ်နေ့တာဆားစားသုံးမှုကို ၅ ဂရမ် (လက်ဖက်စားဇွန်းတစ်ဇွန်း)ထက်မပိုရန်နှင့် American Heart Association မှ တစ်နေ့တာသကြားစားသုံးမှုကို အမျိုးသားများအတွက် လက်ဖက်စားဇွန်းကိုးဇွန်းထက်မပိုရန်နှင့် အမျိုးသမီးများအတွက် လက်ဖက်စားဇွန်းခြောက်ဇွန်းထက်မပိုရန် တိုက်တွန်းထားပါသည်။ **ဆက်လက်ဖော်ပြပါမည်။**

# ရွှေသောင်ယံမြို့၌ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေးလုပ်ငန်းနှင့် စီးပွားဖြစ်စိုက်ပျိုးရေးလုပ်ငန်းများလုပ်ကိုင်လာ



**ရွှေသောင်ယံ ဖေဖော်ဝါရီ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ရွှေသောင်ယံမြို့၌ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေးလုပ်ငန်းနှင့် စီးပွားဖြစ်စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ကြကြောင်းသိရသည်။

ထိုသို့စိုက်ပျိုးရာတွင်ဘူး၊ ဖရုံ၊ ငရုတ်၊ ခရမ်း၊ ကန်စွန်း၊ ပဲတောင့်ရှည်၊ မြေပဲ၊ ဆလတ်၊ မုန်ညင်းစသည့်စားသောက်ကုန်သီးနှံများကို စီးပွားဖြစ်စိုက်ပျိုးကြပြီး ပြောင်း၊ ဖရဲအသီးအနှံများကိုလည်း စိုက်ပျိုးကြရာ ပြောင်းစိုက်တောင်သူများနှင့် ဖရဲစိုက်တောင်သူများအဆင်ပြေလျက်ရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့်စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့်တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံတိုးတက်အောင် တည်ဆောက်လျက်ရှိကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင်ကုန်ထုတ်လုပ်မှုသည် အဓိကဖြစ်ရာမြန်မာနိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို မြှင့်တင်ရမည်ဖြစ်ကြောင်း၊ ရှိပြီးသားစိုက်ပျိုးရေးထုတ်ကုန်များကို ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားရမည်ဆိုပါက နိုင်ငံ့စီးပွားရေးအတွက် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

ရွှေသောင်ယံ(ပြန်/ဆက်)

# ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီး

**ပင်လောင်း ဖေဖော်ဝါရီ ၁၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေများဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဖေဖော်ဝါရီလ ၁၇ ရက်နံနက်ပိုင်းတွင် တာဝန်ရှိသူများက ဘန့်ဘိန်းကျေးရွာ၌ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင်ပင်လောင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်ဝင်း၊ စီမံကိန်းတာဝန်ခံနှင့် အင်ဂျင်နီယာဝန်ထမ်းများက ဘန့်ဘိန်းကျေးရွာ၌ အရှည် ပေ ၅၀၀၊ အကျယ် ၁၀ ပေ၊ ထု ၆လက်မရှိ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးကမြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီးကွန်ကရစ်လမ်းအားရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းမှ ရရှိလာသည့် အတိုးရငွေကျပ် ၁၀ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၁ ဒသမ ၂ သန်းကို အသုံးပြုကာ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလပထမပတ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

သော်ဇင်ထူး

# မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး



**ဖာပွန် ဖေဖော်ဝါရီ ၁၇**

ကရင်ပြည်နယ် ဖာပွန်မြို့နယ် ပုဇွန်မြောင်း မြစိမ်းရောင်စီမံကိန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ယမန်နေ့ နံနက်ပိုင်းတွင် ခရိုင်ဦးစီးမှူး ဦးခင်မောင်ဝင်းနှင့် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြောင်းသိရသည်။

ထိုသို့စစ်ဆေးရာတွင် ဖာပွန်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးခင်မောင်ဝင်းနှင့် ဌာနဆိုင်ရာဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ပုဇွန်မြောင်း မြစိမ်းရောင်စီမံကိန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက စီမံကိန်းရေရှည်တည်တံ့ခိုင်မြဲရေးအတွက် သက်ဆိုင်သူအားလုံး ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ပုဇွန်မြောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ငွေကျပ်သန်း၃၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ပြီး အဋ္ဌမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၉ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၄ ဦး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူကိုးဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ် ရန်ပုံငွေကျပ်၅၁၃ သိန်းအား အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးထားကြောင်း သိရသည်။

ကိုသက်

## စစ်မှုထမ်းဆောင် စစ်သည်မောင်သို့

* တိုင်းပြည်အရေး၊ ကိုယ့်အရေးဟု
အလေးအနက်၊ ခံယူချက်နှင့်
အကြမ်းဖက်ရန်မူ၊ ပြည့်ရန်သူကို
အတူလက်တွဲ၊ ပြည်သူ့ရဲနှင့်
စစ်ပွဲစစ်ဆင်၊ စစ်မြေပြင်မှာ
ပါဝင်ဝန်ထမ်း စစ်ချီမြန်းကြ။

* ရမ်းကားရက်စက်၊ မြို့ရွာပျက်အောင်
လက်နက်ကိုင်ဆောင်၊ မြို့လယ်ခေါင်မှာ
ဗုံးထောင်ပစ်ခတ်၊ လူတွေသတ်နှင့်
ရပ်ရွာတချို့၊ မီးနှင့်ရှို့ကြ
မြို့ပြမကျန် မီးရှို့ခံရ။

* ရန်သူအားလုံး၊ ချေမှုန်းဖို့က
တို့တာဝန်ပေး၊ တုံ့မနှေးဘဲ
အရေးသုံးပါး၊ ဦးထိပ်ထားလျက်
ပြည်ဖျက်ရန်စွယ်၊ အန္တရာယ်ကို
ကာကွယ်စောင့်ရှောက်၊ ရှေ့တန်းရောက်သည့်
သွေးသောက်စစ်သည်၊ အာဇာနည်တွေ
ပြည်သူအဝှမ်း၊ ဘေးမသန်းဖို့
ငြိမ်းချမ်းအမှု၊ ရယူပြုလျက်
စစ်မှုထမ်းဆောင်၊ စစ်သည်မောင်တို့
အောင်ပွဲဆင်မြန်း၊ ပြန်လာလမ်းကို
သပြေပန်းနှင့်လက်ကမ်းကြို။ ။

**ကျော်လွင်ဦး(ပျဉ်းမနား)**

**သင်မလိုသော မီးကိုပိတ်ထားခြင်းဖြင့် လိုအပ်သူများ အလင်းရနိုင်ပါစေ။**

# ၂၀၂၄ ခုနှစ် အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲအောင်စာရင်း ထုတ်ပြန်ကြေညာ

၁။ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလတွင်ကျင်းပခဲ့သည့် အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲအောင်စာရင်းကို ထုတ်ပြန်ကြေညာသည်။

(က) အဘိဓမ္မာစာမေးပွဲတွင် စာဖြေဌာနပေါင်း(၁၁၂)ဌာနတို့၌ ဖြေဆိုသူ(၁၄၀၅၄)ဦး၊ အောင်မြင်သူ (၁၁၆၁၅)ဦး၊ နှစ်ချင်းပေါက် သုံးဆင့်လုံးအောင်မြင်သူ(၁၉၃၄)ဦးရှိ၍ ပြည်တွင်း၊ ပြည်ပစာဖြေဌာနများအနက် အမှတ်အများဆုံး ပထမ၊ ဒုတိယ၊ တတိယ(ထူးချွန်ဆု)ရရှိသူများမှာ-

(၁) ပထမ
ခုံအမှတ်-လှိုင်/၃၈၊ ဒေါက်တာယဉ်မင်းထက်၊ သန်လျင်စာဖြေဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊

(၂) ဒုတိယ
ခုံအမှတ်-တဥ/၁၁၊ ဒေါက်တာအိအိကျော်၊ တောင်ဥက္ကလာပစာဖြေဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊

(၃) တတိယ
ခုံအမှတ်-သရ/၄၊ ဒေါ်မေသော်တာ၊ သရက်စာဖြေဌာန၊ မကွေးတိုင်းဒေသကြီး။

(ခ) အဘိဓမ္မာဂုဏ်ထူးဆောင်စာမေးပွဲတွင် စာဖြေဌာနပေါင်း (၇၉)ဌာနတို့၌ ဖြေဆိုသူ(၂၂၂၅)ဦး၊ အောင်မြင်သူ(၁၅၂၇)ဦး၊ နှစ်ချင်းပေါက် သုံးဆင့်လုံးအောင်မြင်သူ(၂၉၄)ဦးရှိ၍ ပြည်တွင်း၊ ပြည်ပစာဖြေဌာနများအနက် အမှတ်အများဆုံး ပထမ၊ ဒုတိယ၊ တတိယ(ထူးချွန်ဆု)ရရှိသူများမှာ-

(၁) ပထမ
ခုံအမှတ်-ခသ/၄၊ ဒေါ်ခင်လေးနွယ်၊ ချမ်းမြသာစည်စာဖြေဌာန၊ မန္တလေးတိုင်းဒေသကြီး၊

(၂) ဒုတိယ
ခုံအမှတ်-လှိုင်/၂၆၊ ဒေါက်တာမြင့်မြင့်စန်း၊ လှိုင်စာဖြေဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊

(၃) တတိယ
ခုံအမှတ်-ပြည်/၁၂၊ ဒေါ်ဇာဇာဝင်း၊ ပြည်စာဖြေဌာန၊ ပဲခူးတိုင်းဒေသကြီး။

(ဂ) ဝိသုဒ္ဓိမဂ်စာမေးပွဲတွင် စာဖြေဌာနပေါင်း(၇၇)ဌာနတို့၌ ဖြေဆိုသူ(၁၅၅၈)ဦး၊ အောင်မြင်သူ (၁၁၉၄)ဦး၊ နှစ်ချင်းပေါက်သုံးဆင့်လုံးအောင်မြင်သူ(၁၄၇)ဦးရှိ၍ ပြည်တွင်း၊ ပြည်ပစာဖြေဌာနများအနက် အမှတ်အများဆုံး ပထမ၊ ဒုတိယ၊ တတိယ(ထူးချွန်ဆု)ရရှိသူများမှာ-

(၁) ပထမ
ခုံအမှတ်-ခရ/၁၄၊ ဒေါ်သင်းသင်းထွေး၊ ခရမ်းစာဖြေဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊

(၂) ဒုတိယ
ခုံအမှတ်-ဒိုက်/၅၊ ဒေါ်စောမြတ်စန္ဒာ၊ ဒိုက်ဦးစာဖြေဌာန၊ ပဲခူးတိုင်းဒေသကြီး၊

(၃) တတိယ
ခုံအမှတ်-ပုလော/၃၊ ဒေါ်ကေသီဝင်း၊ ပုလောစာဖြေဌာန၊ တနင်္သာရီတိုင်းဒေသကြီး။

၂။ အောင်စာရင်းအပြည့်အစုံကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ Website www.mahana.org.com ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန Website www.mora.gov.mm နှင့် သာသနာရေးဦးစီးဌာန Website www.dra.gov.mm တို့မှ ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

(သတင်းစဉ်)

# အိန္ဒိယနိုင်ငံ၌ကျင်းပသည့် (၉)ကြိမ်မြောက် ကမ္ဘာ့စီးပွားရေးထိပ်သီးဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် တက်ရောက်ခဲ့




**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

အိန္ဒိယနိုင်ငံ The Times Group ၏ ဖိတ်ကြားချက်အရ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ဖေဖော်ဝါရီလ ၁၅ ရက်မှ ၁၆ ရက်အထိကျင်းပသည့် (၉)ကြိမ်မြောက် ကမ္ဘာ့စီးပွားရေးထိပ်သီး ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ကြသည်။

အဆိုပါထိပ်သီးဆွေးနွေးပွဲကို ကမ္ဘာ့စီးပွားရေးစိန်ခေါ်မှုနှင့် အခွင့်အလမ်းများ ဆွေးနွေးနိုင်ရန်၊ ရေရှည်တည်တံ့သော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် မဟာဗျူဟာများထုတ်ဖော်ရန်၊ နည်းပညာနှင့် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှုများကို မြှင့်တင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်သည်။

ဆွေးနွေးပွဲပထမရက်တွင် ပြည်ထောင်စုဝန်ကြီးသည် အယ်ဘေးနီးယားနှင့်သီရိလင်္ကာနိုင်ငံတို့မှ စီးပွားရေးနှင့်စက်မှုဆိုင်ရာဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့်အတူ "Global Cooperation in a Polarized World" ခေါင်းစဉ်ဖြင့်ကျင်းပသည့် စကားဝိုင်းဆွေးနွေးပွဲတွင် စကားဝိုင်းဆွေးနွေးသူ Panelist အဖြစ် ပါဝင်ဆောင်ရွက်ခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးသည် လက်ရှိဖြစ်ပေါ်နေသည့်ကမ္ဘာ့စီးပွားရေးအခင်းအကျင်းများ၊ ပြောင်းလဲလာနိုင်ခြေရှိသည့် စီးပွားရေးဆိုင်ရာမူဝါဒများ၊ မြန်မာနိုင်ငံအနေဖြင့် ဆောင်ရွက်လျက်ရှိသည့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးလုပ်ငန်းစဉ်များနှင့် ရင်းနှီးမြှုပ်နှံသူများကို အားပေးဖိတ်ခေါ်နေသည့်အခြေအနေများကို အလေးထားဆွေးနွေးပြောကြားခဲ့သည်။

ညပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် နာရင်ဒြာမိုဒီက အိန္ဒိယနိုင်ငံ စီးပွားရေးမဟာဗျူဟာမျှော်မှန်းချက်များကို ထုတ်ဖော်ပြောကြားသည့်အခမ်းအနားသို့ တက်ရောက်ခဲ့ကြပြီး ဆွေးနွေးပွဲတက်ရောက်လာကြသူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ကာ ထိပ်သီးဆွေးနွေးပွဲတက်ရောက်သည့် ကိုယ်စားလှယ်များကို တည်ခင်းဧည့်ခံသည့် ကြိုဆိုဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့ကြသည်။

ထို့အတူ ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ထိပ်သီးဆွေးနွေးပွဲ ဒုတိယနေ့အစီအစဉ်များတွင်လည်း ပါဝင်တက်ရောက်ခဲ့ကြသည်။

ဆွေးနွေးပွဲအတွင်း နိုင်ငံတကာမှ ကျွမ်းကျင်ပညာရှင်များ၊ ထင်ပေါ်ကျော်ကြားသည့်ပုဂ္ဂိုလ်များ၊ ကမ္ဘာ့စီးပွားရေးခေါင်းဆောင်များသည် ကမ္ဘာ့စီးပွားရေးအကျပ်အတည်းကာလအတွင်း ကြံ့ကြံ့ခိုင်ဆောင်ရွက်နိုင်မှုမှစ၍ စက်မှုလုပ်ငန်း ၅.၀ ပေါ်ထွက်လာသည့်အခြေအနေ၊ ကမ္ဘာလုံးဆိုင်ရာ ငွေကြေးမူဝါဒပြောင်းလဲမှုများ၊ စွမ်းအင်လုံခြုံရေးနှင့် အနာဂတ်အလုပ်အကိုင်အခွင့်အလမ်းတို့နှင့်စပ်လျဉ်း၍ ကဏ္ဍအလိုက် တက်ကြွစွာဆွေးနွေးခဲ့ကြသည်။

နှစ်ရက်တာကျင်းပခဲ့သည့် ထိပ်သီးဆွေးနွေးပွဲသို့ အိန္ဒိယနိုင်ငံဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ နိုင်ငံတကာမှ အဆင့်မြင့်ကိုယ်စားလှယ်များ၊ မူဝါဒချမှတ်သူများနှင့် စီးပွားရေးကျွမ်းကျင်ပညာရှင်များ၊ နိုင်ငံပေါင်း ၂၀ ကျော်မှ ကိုယ်စားလှယ်စုစုပေါင်း ၂၀၀၀ ကျော် ပါဝင်တက်ရောက်ခဲ့ကြသည်။

ကမ္ဘာ့စီးပွားရေးထိပ်သီးဆွေးနွေးပွဲ တက်ရောက်ပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြကြောင်း သိရသည်။ **(သတင်းစဉ်)**

# ပြည်ပဘိလပ်မြေများ တင်သွင်းရောက်ရှိမည်

နေပြည်တော် ဖေဖော်ဝါရီ ၁၇

နိုင်ငံတစ်ဝန်းတွင် ယခုပွင့်လင်းရာသီချိန်၌ ဆောက်လုပ်ရေးလုပ်ငန်းများတိုးမြှင့်ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများအချိန်မီပြီးစီးနိုင်ရေးအတွက်ဘိလပ်မြေလိုအပ်ချက်များအား ပြည်တွင်းဘိလပ်မြေစက်ရုံများ၏ ထုတ်လုပ်မှုများအပြင် ပြည်ပမှဘိလပ်မြေများကို နယ်စပ်ကုန်သွယ်ရေးနှင့် ပင်လယ်ရေကြောင်းတို့မှ အားဖြည့်တင်သွင်းခွင့်ပြုထားကြောင်းနှင့် အဆိုပါပြည်ပဘိလပ်မြေများသည် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလအတွင်း ရောက်ရှိမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၀)

# ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းအစီအစဉ်ပြုလုပ်



**ရန်ကုန် ဖေဖော်ဝါရီ ၁၇**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၌ ပညာသင်ကြားလျက်ရှိသည့် Grade-1 ကျောင်းသား၊ ကျောင်းသူ ၁၅၄ ဦးအား ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းအစီအစဉ်ကို ယနေ့မွန်းလွဲပိုင်းတွင် ဒဂုံ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၏ ဒဂုံသီရိခန်းမ၌ ပြုလုပ်ပြီး ကျောင်းသား၊ ကျောင်းသူများကို ထမင်း၊ သီးစုံပဲကုလားဟင်းနှင့် ဖီးကြမ်းငှက်ပျောသီးတို့ကို ကျွေးမွေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ကျောက်မီးသွေးများအား ပြည်ပမှတင်သွင်းခွင့်ပြုမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

ပြည်တွင်းရှိ စက်ရုံများ၏ ကုန်ထုတ်လုပ်မှုများတိုးမြှင့်ဆောင်ရွက်နိုင်ရန်နှင့် ဘိလပ်မြေစက်ရုံများ စဉ်ဆက်မပြတ်ကုန်ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သောစက်မှုကုန်ကြမ်းဖြစ်သည့် ကျောက်မီးသွေးများအား ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလမှစတင်၍ ပြည်ပမှတင်သွင်းခွင့်ပြုပေးမည်ဖြစ်ကြောင်းနှင့် လိုအပ်သောဘိလပ်မြေစက်ရုံများအနေဖြင့် သွင်းကုန်လိုင်စင်များ လျှောက်ထားနိုင်ပါကြောင်း သတင်းရရှိသည်။

(၅၀၀)

# အမျိုးသားမြေဥပဒေရေးဆွဲပြုစုရေးနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာဥပဒေများသဟဇာတဖြစ်ရေး လုပ်ငန်းကော်မတီ နဝမအကြိမ် အစည်းအဝေးကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၇

အမျိုးသားမြေဥပဒေရေးဆွဲပြုစုရေးနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာဥပဒေများ သဟဇာတဖြစ်ရေး လုပ်ငန်းကော်မတီ၏ နဝမအကြိမ် အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။





အစည်းအဝေးသို့ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ-၁ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဥက္ကဋ္ဌ-၂ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ နှင့် လုပ်ငန်းကော်မတီဝင်များ၊ အထောက်အကူပြုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌများနှင့် ဥပဒေရေးဆွဲရေး အဖွဲ့ငယ် အဖွဲ့ခေါင်းဆောင်များ စုံညီစွာ တက်ရောက်ကြသည်။

အစည်းအဝေးတွင်ပြည်ထောင်စုဝန်ကြီးများက အမှာစကားများပြောကြားကြပြီး လုပ်ငန်းကော်မတီအတွင်းရေးမှူးက အမျိုးသားမြေအသုံးချမှုကောင်စီ အဖွဲ့ဝင်ဌာနအဖွဲ့အစည်းများ၏ အကြံပြုချက်ပုဒ်မ/ပုဒ်မခွဲတစ်ခုချင်းကို ရှင်းလင်းတင်ပြရာ အကြံပြုထားသည့် ဌာနအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက ဖြည့်စွက်ဆွေးနွေးကြသည်။ ဆက်လက်၍ အမျိုးသားမြေဥပဒေ ရေးဆွဲပြုစုရေးနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာဥပဒေများ သဟဇာတဖြစ်ရေး လုပ်ငန်းကော်မတီဝင်များက သက်ဆိုင်ရာကဏ္ဍများအလိုက် ဝိုင်းဝန်းဆွေးနွေးကြသည်။

ယခုအစည်းအဝေး၏ ယာယီအတည်ပြုချက်များနှင့် ဥပဒေမူကြမ်းပါ အခန်းများကို အသေးစိတ်ဆက်လက်စိစစ်ပြီး အမျိုးသားမြေအသုံးချမှုကောင်စီ၏သတ္တမအကြိမ်အစည်းအဝေးတွင် တင်ပြပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

# တက္ကသိုလ် ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပညာရေးမှူးများနှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ တွေ့ဆုံအမှာစကားပြောကြား



နေပြည်တော် ဖေဖော်ဝါရီ ၁၇

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေနှင့် တက္ကသိုလ်ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပညာရေးမှူးများတွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃)ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး တက္ကသိုလ်ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပညာရေးမှူးများက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မကြာမီ အတန်းတင်စာမေးပွဲများနှင့်တက္ကသိုလ်ဝင်စာမေးပွဲများကျင်းပတော့မည်ဖြစ်ရာ ဒေသအသီးသီးမှ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာ စာမေးပွဲဖြေဆိုနိုင်ရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ တက္ကသိုလ်များတွင် စာမေးပွဲဖြေဆိုရာ၌ စာမေးပွဲစည်းမျဉ်းစည်းကမ်းနှင့်အညီ အမှားအယွင်းမရှိအောင် အထူးဂရုပြု၍ အလေးထားကြပ်မတ်ဆောင်ရွက်ရန်နှင့်ပါရဂူကျမ်းများနှင့် မဟာတန်းပရောဂျက်စာတမ်းများတွင် စနစ်တကျကြပ်မတ်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ နွေရာသီကျောင်းပိတ်ရက်ရောက်ပါကလည်း ကျောင်းသား၊ ကျောင်းသူများအတွက် အကျိုးရှိမည့် နွေရာသီသင်တန်းများ ဖွင့်လှစ်သင်ကြားပေးစေလိုကြောင်း၊ အရည်အချင်းပြည့်ဝသည့် ဆရာ၊ ဆရာမများဖြစ်စေရန် မိမိဘာသာရပ်ဆိုင်ရာစာပေများကို အမြဲမပြတ်ဖတ်ရှုလေ့လာဆည်းပူးနေရန်လိုကြောင်း၊ လာမည့်ပညာသင်နှစ်တွင် (KG+9) အခြေခံပညာအလယ်တန်းအဆင့်ထိ ကျောင်းနေအရွယ်ကလေးအားလုံး စာသင်ခန်းအတွင်းသို့ရောက်ရှိရေး အားလုံးဝိုင်းဝန်းလက်တွဲဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်တို့က သင်ကြားရေး၊ ကျောင်းအပ်နှံရေးနှင့် ကျောင်းလခပေးသွင်းရေး၊ တက္ကသိုလ်ဝင်စာမေးပွဲများ အောင်မြင်စွာပြီးမြောက်ရေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (ဗဟိုသတင်း) (၅၀၀)

# မြန်မာနိုင်ငံတိုင်းရင်းသားလူမျိုးများ၏ အမျိုးသားဝတ်စုံမှန်သတ်မှတ်ရေး အစည်းအဝေးသို့ ဒုတိယဝန်ကြီး ဒေါ်နုမြဇံ တက်ရောက်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

မြန်မာနိုင်ငံတိုင်းရင်းသားလူမျိုးများ၏ အမျိုးသားဝတ်စုံမှန်သတ်မှတ်ရေး အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ဒဂုံမြို့သစ်တောင်ပိုင်း အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)ရှိ စွယ်တော်ဆောင် အစည်းအဝေးခန်းမ၌ကျင်းပရာ ဒုတိယဝန်ကြီး ဒေါ်နုမြဇံ တက်ရောက်သည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံ တိုင်းရင်းသားလူမျိုးများ၏ အမျိုးသားဝတ်စုံမှန် သတ်မှတ်ရေးကော်မတီအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ တာဝန်ရှိသူများက In person ဖြင့်လည်းကောင်း၊ Video Conferencing စနစ်ဖြင့်လည်းကောင်း တက်ရောက်ဆွေးနွေးကြသည်။

ဦးစွာ မြန်မာနိုင်ငံတိုင်းရင်းသားလူမျိုးများ၏ အမျိုးသားဝတ်စုံမှန်သတ်မှတ်ရေးကော်မတီဥက္ကဋ္ဌသာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး(ယဉ်ကျေးမှု)က မြန်မာနိုင်ငံတိုင်းရင်းသားလူမျိုးများ၏ အမျိုးသားဝတ်စုံမှန်သတ်မှတ်ရေးကော်မတီမှ ဆောင်ရွက်ထားရှိမှုများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ တိုင်းရင်းသားဝတ်စုံများ၏အချက်အလက်များ ပေးပို့ရာတွင် မှန်ကန်မှုရှိရေး၊ ဝတ်စုံများ၏ သမိုင်းကြောင်းများ၊ ဝတ်စုံများနှင့်ပတ်သက်၍ သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ရမည့်အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက်အစည်းအဝေးသို့တက်ရောက်ကြသူများက မြန်မာနိုင်ငံတိုင်းရင်းသားလူမျိုးများ၏ အမျိုးသားဝတ်စုံမှန်သတ်မှတ်ရေးဆောင်ရွက်ရာတွင် လိုအပ်ချက်များ၊ ပြင်ဆင်ဖြည့်စွက်ရမည့် အကြောင်းအရာများနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားကြသည်။

ယင်းနောက် မြန်မာနိုင်ငံတိုင်းရင်းသားလူမျိုးများ၏ အမျိုးသားဝတ်စုံမှန်သတ်မှတ်ရေးကော်မတီ အတွင်းရေးမှူး၊ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ဒေါက်တာကေသီထွေးက ယနေ့အစည်းအဝေး၏ဆုံးဖြတ်ချက်များကို အတည်ပြုတင်ပြပြီး ဒုတိယဝန်ကြီး (ယဉ်ကျေးမှု) က နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)



## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# မွေးမြူရေးလုပ်ငန်းနှင့် MSME အခန်းကဏ္ဍ

အောင်သူရိန်(လယ်ဝေး)

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက မောင်းနှင်မှုစွမ်းအားမှာ စီးပွားရေးကဏ္ဍ၊ စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်ပင်ဖြစ်သည်။ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှသာလျှင် ကဏ္ဍအလိုက်လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ကာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက်နိုင်မည်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ရေမြေသယံဇာတပေါကြွယ်ဝပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် စီးပွားရေးလုပ်ငန်းများကို အဓိကထားလုပ်ကိုင်ဆောင်ရွက်သော နိုင်ငံတော်ဖြစ်ပေသည်။ စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် MSME စီးပွားရေးလုပ်ငန်းများကိုလည်း နိုင်ငံအနှံ့အပြားတွင် လုပ်ကိုင်ဆောင်ရွက်လျက်ရှိပေသည်။

မွေးမြူရေးကဏ္ဍဆိုင်ရာ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်လာကြသည်နှင့်အမျှ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနအနေဖြင့် အရည်အသွေး ပိုမိုကောင်းမွန်သော တိရစ္ဆာန်ထွက်ပစ္စည်းများ ရရှိလာစေရန်၊ စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းစွာ စားသုံးနိုင်ရန်တို့အတွက် တိရစ္ဆာန်အမျိုးအစားအလိုက် ကောင်းမွန်သော မွေးမြူရေးကျင့်စဉ်(GAHP)များကို ရေးဆွဲပြဋ္ဌာန်းပြီး လိုက်နာမွေးမြူစေခြင်း၊ မွေးမြူရေး ထုတ်ကုန်အမျိုးအစားအလိုက် စံချိန်စံညွှန်းများ သတ်မှတ်ပြဋ္ဌာန်းပြီး လိုက်နာကျင့်သုံးစေခြင်း၊ တိရစ္ဆာန်အစာထုတ်ကုန်များနှင့်ပတ်သက်၍ ဓာတ်ခွဲစစ်ဆေးခြင်း၊ ထောက်ခံချက်လက်မှတ်ထုတ်ပေးခြင်း၊ ပြည်ပပို့ကုန်အတွက် ထောက်ခံချက်ပေးခြင်းများအပြင် ဘေးအန္တရာယ်ကင်းရှင်းသော ထုတ်ကုန်များရရှိရေး မွေးမြူရေးနည်းပညာများပေးခြင်း၊ မျိုးကောင်းမျိုးသန့်များရရှိမွေးမြူနိုင်ရေး ဆောင်ရွက်ပေးခြင်း၊ မွေးမြူရေးလုပ်ငန်းဆောင်ရွက်ရန် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ထုတ်ချေးပေးခြင်း၊ ထုတ်ကုန်ဆိုင်ရာနှင့် ပို့ကုန်ဆိုင်ရာ အရည်အသွေးပိုင်းဆိုင်ရာများနှင့်ပတ်သက်၍ ဆက်စပ်ဌာနများနှင့် ချိတ်ဆက်ပေါင်းစပ်ဆောင်ရွက်ပေးခြင်း၊ မွေးမြူရေးကဏ္ဍဆိုင်ရာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နိုင်ငံတော်အကြီးအကဲ၏ မူဝါဒ၊ လမ်းညွှန်ချက်များနှင့်အညီ ပံ့ပိုးကူညီစည်းရုံး ဆောင်ရွက်ပေးလျက်ရှိသည်။



မြန်မာနိုင်ငံတွင် မွေးမြူရေးကဏ္ဍမှ MSME ထုတ်ကုန်လုပ်ငန်းများ ဆောင်ရွက်မှုအနေဖြင့် အသားပြုပြင်ထုတ်လုပ်ခြင်း၊ နို့နှင့်နို့ထွက်ပစ္စည်းများ ပြုပြင်ထုတ်လုပ်ခြင်း၊ တိရစ္ဆာန်သားရေများအား တန်ဖိုးမြှင့်ပစ္စည်းများအဖြစ် ပြုပြင်ထုတ်လုပ်ခြင်း၊ ပျားနှင့် ပျားထွက်ပစ္စည်းများတန်ဖိုးမြှင့်တင်ခြင်း၊ ကြက်ဥအသုံးပြု၍ တန်ဖိုးမြှင့်ထုတ်ကုန်များပြုလုပ်ခြင်းများကို ဒေသအသီးသီး၊ နယ်ပယ်အသီးသီးတွင် လုပ်ကိုင်လျက်ရှိကြသည်။

မွေးမြူရေးအခြေခံ(MSME) ထုတ်ကုန်လုပ်ငန်းတွင် အသားများအား အသားစိုမှတစ်ဆင့်တန်ဖိုးမြှင့်တင်ခြင်းအနေဖြင့် အသားခြောက်၊ အေးခဲသားပြုလုပ်ခြင်း၊ အသားမျှင်ပြုလုပ်ခြင်း၊ စည်သွတ်ဘူးများပြုလုပ်ခြင်းများအား မိမိတို့နိုင်ငံအတွင်း ပြည်တွင်းထုတ်ကုန်အနေဖြင့် လုပ်ကိုင်ဆောင်ရွက်နေကြပြီဖြစ်သည်။









ထို့ပြင် ပြည်တွင်း၌အသုံးများပြီး ဈေးကွက်ဝင်သည့် ဝက်အူချောင်း၊ ကြက်အူချောင်းများကိုလည်း မိမိဒေသအလိုက် ထုတ်လုပ်ဖြန့်ဖြူးနေကြသည့်အပြင် တစ်နိုင်ငံလုံးအထိ ဖြန့်ဖြူးရောင်းချလျက်ရှိသည်။ ကယားဒေသထွက် ကယားဝက်အူချောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ရေဦးဝက်အူချောင်းသည် ဒေသခံများ အထူးကြိုက်နှစ်သက်၍ မြန်မာပြည်အနှံ့မှ ပြည်သူများလည်း ကြိုက်နှစ်သက်ကြပြီး နှစ်ခြိုက်စွာ စားသုံးကြသည့် ဒေသထွက် မွေးမြူရေးထုတ်ကုန်များဖြစ်သည်။









အသားများကို သာမက ကျွဲ၊ နွားသားရေ၊ ဘဲမွေးတို့ကိုလည်း လူ့အသုံးအဆောင်များဖြစ်သည့် အင်္ကျီ၊ ဦးထုပ်၊ ဖိနပ်တို့အဖြစ် တန်ဖိုးမြှင့်ထုတ်ကုန် (Value Added) များကိုလည်း MSME လုပ်ငန်းများ အသွင်ဖြင့် ပြုပြင်ပြောင်းလဲ ထုတ်လုပ်နေကြပြီဖြစ်သည်။

နို့စားနွားမွေးမြူရေးတွင်လည်း နွားနို့နှင့် နို့စိမ်းများကို တိုက်ရိုက်ရောင်းချနိုင်သည့် ဈေးကွက်အနေအထားရှိသကဲ့သို့ နို့အေး၊ ဒိန်ချဉ်၊ ဒိန်ခဲ၊ နို့ခဲ၊ မလိုင်၊ ထောပတ်၊ ချိစ်၊ နို့ဆီ စသည့် နို့အခြေခံ MSME တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ပြီး တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ဈေးကွက်ဝင်ရောက်သည်အထိ ဖြန့်ဖြူးရောင်းချပြီး အောင်မြင်စွာ ဆောင်ရွက်နေကြပြီဖြစ်သည်။

မွေးမြူရေးအခြေခံ MSME ထုတ်ကုန်များ ထုတ်လုပ်ခြင်းကို ဒေသလူမှုစီးပွားမြှင့်တင်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး စီးပွားရေး လုပ်ငန်းတစ်ခုအနေဖြင့်လည်း လုပ်ကိုင်ဆောင်ရွက်လျက်ရှိပေသည်။

မွေးမြူရေးထွက်ကုန်များအား တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် တစ်ဆင့်ပြီးတစ်ဆင့် ပြုပြင်ပြောင်းလဲထုတ်လုပ်လာကြသကဲ့သို့ မွေးမြူရေးလုပ်ငန်းများ၏ အဓိကဖြစ်သော တိရစ္ဆာန်အစာများကိုလည်း ပြည်တွင်းမှ စိုက်ပျိုးထုတ်ကုန်ပစ္စည်းများဖြင့် အဓိကအသုံးပြုပြီး အဆင့်မြင့်နည်းပညာများဖြင့် ထုတ်လုပ်ဖြန့်ချိသုံးစွဲလျက်ရှိသည်။ တိရစ္ဆာန်အစာထုတ်လုပ်မှုအနေဖြင့် ကြက်စာ၊ ဝက်စာ၊ နွားစာ၊ ဘဲစာများသာမက ခွေးစာ၊ ကြောင်စာ၊ ငှက်စာများကိုလည်း MSME ထုတ်ကုန်များအဖြစ် တိရစ္ဆာန်များအသင့်စားသုံးနိုင်ရန် အနေအထားထိ ထုတ်လုပ်နေကြပြီဖြစ်သည်။

မွေးမြူရေးမှရရှိသည့် ဘေးထွက်ပစ္စည်းများမှ စိုက်ပျိုးရေးလုပ်ငန်းတွင်အသုံးဝင်သော ဇီဝမြေဩဇာများလည်း MSME ထုတ်ကုန်လုပ်ငန်းများအဖြစ် ထုတ်လုပ်ရောင်းချလျက်ရှိသည်။ ကရင်ပြည်နယ် ဘားအံမြို့တွင် တိရစ္ဆာန်စွန့်ပစ်ပစ္စည်းများကို အသုံးပြု၍ တိုးပွားသဘာဝမြေဩဇာနှင့် နတ်ဩဇာ သဘာဝမြေဩဇာများ ထုတ်လုပ်ပြီး နီးစပ်ရာတိုင်းဒေသကြီး/ပြည်နယ်များသို့ ထုတ်လုပ်တင်ပို့ရောင်းချလျက်ရှိသည်။ အဆိုပါသဘာဝမြေဩဇာ ထုတ်လုပ်သည့် လုပ်ငန်းများအနေဖြင့် ပုဂ္ဂလိကစက်မှုလုပ်ငန်းမှတ်ပုံတင်လက်မှတ်များရရှိထားပြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဖြန့်ဖြူးရောင်းချခွင့်လိုင်စင် ရရှိထားပြီးဖြစ်သည်။


နိုင်ငံတော်အကြီးအကဲ၏ မူဝါဒနှင့်အညီ တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ငန်းများမှ စီးပွားဖြစ်မွေးမြူထုတ်လုပ်ရေးသို့ ပြောင်းလဲဖွံ့ဖြိုးလာစေပြီး မွေးမြူရေးထွက်ကုန်ပစ္စည်းများ တန်ဖိုးမြှင့်ပစ္စည်းများကို အရည်အသွေးပြည့်မီစွာ ထုတ်လုပ်နိုင်ရန် အရေးအတွက် ထုတ်ကုန်ပမာဏများများ ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေးဆောင်ရွက်နေရာတွင် မွေးမြူရေးအခြေခံ MSME လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး၊ ပြည်တွင်းမှရရှိသည့်ကုန်ကြမ်းများကို အခြေခံသည့် တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်မှုလုပ်ငန်းများကို အဘက်ဘက်မှလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်ပသွင်းကုန်အစားထိုးနိုင်ရေး၊ ပြည်ပသို့ တင်ပို့နိုင်ရေးနှင့် နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးအခြေခံ MSME လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်အားကောင်းလာစေရေးကို သက်ဆိုင်ရာကဏ္ဍအသီးသီးမှ အားပေးကူညီပေါင်းစပ်ဆောင်ရွက်ပေးခြင်းဖြင့် ပိုမိုတိုးတက်လာစေနိုင်မည်ဖြစ်ပါသည်။ ။

# (၃၁)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ)စစ်တီးဝိုင်းပြိုင်ပွဲ တတိယနေ့ ဆက်လက်ကျင်းပ



(၃၁)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ)စစ်တီးဝိုင်းပြိုင်ပွဲ (က)အဆင့်ပြိုင်ပွဲတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုယ်စားပြု ရဲတီးဝိုင်းအသင်း ယှဉ်ပြိုင်စဉ်။



(၃၁)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ)စစ်တီးဝိုင်းပြိုင်ပွဲ (ခ)အဆင့်ပြိုင်ပွဲတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၂)စစ်တီးဝိုင်းအသင်း ယှဉ်ပြိုင်စဉ်။



(၃၁)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ)စစ်တီးဝိုင်းပြိုင်ပွဲ (ခ)အဆင့်ပြိုင်ပွဲတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၂)စစ်တီးဝိုင်းအသင်း ယှဉ်ပြိုင်စဉ်။



(၃၁)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ)စစ်တီးဝိုင်းပြိုင်ပွဲ (ခ)အဆင့်ပြိုင်ပွဲတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၁)စစ်တီးဝိုင်းအသင်း ယှဉ်ပြိုင်စဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၁၇

နှစ်(၈၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် (၃၁)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ)စစ်တီးဝိုင်းပြိုင်ပွဲ(က)အဆင့်နှင့် (ခ)အဆင့်ပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စစ်ကြောရေးနှင့်တည်းခိုရေးစခန်း စစ်ရေးပြကွင်း၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲတွင် (က)အဆင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုယ်စားပြု ရဲတီးဝိုင်းအသင်း၊ (ခ)အဆင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၂)စစ်တီးဝိုင်းအသင်း၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၂)စစ်တီးဝိုင်းအသင်းနှင့်အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၁)စစ်တီးဝိုင်းအသင်းတို့ ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါ ပြိုင်ပွဲယှဉ်ပြိုင်နေမှုများကို တပ်မတော်(ကြည်း၊ရေ၊လေ)စစ်တီးဝိုင်းပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်ထွန်းမြတ်ရွှေနှင့် တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲလေ့ကျင့်ရေးအရာရှိချုပ်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများနှင့် ဖိတ်ကြားထားသူများ ကြည့်ရှုအားပေးခဲ့ကြကြောင်းသတင်းရရှိသည်။ (၁၀၀)

# မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ၂၀၂၅ ဂေါက်သီးရိုက်ပြိုင်ပွဲ၏ Tour Pro နှင့် Senior Pro အဆင့် ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၇

မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်မှကြီးမှူး၍ Burmese Golf(BG)မှ အဓိကကူညီပံ့ပိုးသော (President Cup) ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ၏ Tour Pro နှင့် Senior Pro အဆင့်ပြိုင်ပွဲများ၏ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မြို့တော်ဂေါက်ကွင်း(ငွေသော်တာ)၌ပြုလုပ်ရာ ရန်ကုန်တိုင်းမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌမြို့တော်ဝန်ဦးဗိုလ်ဌေး၊ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်၊ မြန်မာပီဂျီအေတို့မှတာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်နာယက ဦးအောင်ကြည်၊ ဥက္ကဋ္ဌ ဦးကိုကိုအေးနှင့် ဒုတိယဥက္ကဋ္ဌ ဦးလှမြင့်ရွှေတို့က အလှည့်ကျ ဂေါက်သီးရိုက်၍ ဖွင့်လှစ်ပေးပြီး ပထမနေ့ ၁၈ ကျင်းပြိုင်ပွဲကို စတင်ယှဉ်ပြိုင်ကြသည်။

ယနေ့ပြိုင်ပွဲတွင် Tour Pro အဆင့် ၃၆ ဦး၊ Senior Pro အဆင့် ၂၈ ဦး၊ ဝါသနာရှင်အဆင့် ကိုးဦး စုစုပေါင်း အားကစားသမား ၇၃ ဦး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ပြိုင်ပွဲကို ဂေါက်သီးအားကစားသမားများ၏ လက်ရည်အဆင့်အတန်းတိုးတက်လာစေရန်နှင့် နိုင်ငံတကာအဆင့်မီ ယှဉ်ပြိုင်နိုင်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

ပြိုင်ပွဲကို ရန်ကုန်မြို့ရှိ မြို့တော်ဂေါက်ကွင်း (ငွေသော်တာ)၌ ဖေဖော်ဝါရီလ ၂၀ ရက်နေ့အထိ လေးရက်ကြာပြုလုပ်သွားမည်ဖြစ်ပြီး ဝါသနာရှင်အဆင့်၊ သက်ကြီးတန်းဝါသနာရှင်အဆင့်ပြိုင်ပွဲများကို ဖေဖော်ဝါရီလ ၂၄ ရက်မှ ၂၇ ရက်အထိ ရန်ကုန်ဂေါက်ကလပ်(တညင်းကုန်း)၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)



မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ၂၀၂၅ ဂေါက်သီးရိုက်ပြိုင်ပွဲ၏ Tour Pro နှင့် Senior Pro အဆင့် ဂေါက်သီးရိုက်ပြိုင်ပွဲဖွင့်ပွဲသို့ တက်ရောက်လာကြသူများ စုပေါင်းဓာတ်ပုံရိုက်စဉ်။

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် ဖေဖော်ဝါရီ ၁၇

ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေကာ ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

(မိုး/ဇလ)



ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်တာဝန်ရှိသူများက ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၀)မှ သင်တန်းသားများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးစဉ်။



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်တာဝန်ရှိသူများက ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၀)မှ သင်တန်းသားများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးစဉ်။



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၀)မှ သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများနှင့် ပစ္စည်းများပေးအပ်စဉ်။



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၀) မှ သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများနှင့် ပစ္စည်းများပေးအပ်စဉ်။

○ **ရှေ့ဖုံးမှအဆက်**

သင်တန်းသားများအားတွေ့ဆုံကာ သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများနှင့် ပစ္စည်းများပေးအပ်ကြပြီး သင်တန်းသားများအား လိုက်လံနှုတ်ဆက်အားပေးခဲ့ကြသည်။

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင်တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရေးအတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်၏ ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန်ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်တွင် စတင်အာဏာတည်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁)ကို ၂၀၂၄ ခုနှစ်၊ ဧပြီလ ၈ ရက်မှစတင်၍ ဖွင့်လှစ်သင်ကြားပေး

# ကွန်ပျူတာတက္ကသိုလ်(လွိုင်ကော်) ၌ ဒသမအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ




လွိုင်ကော် ဖေဖော်ဝါရီ ၁၇

ကယားပြည်နယ် လွိုင်ကော်မြို့ရှိ ကွန်ပျူတာတက္ကသိုလ် (လွိုင်ကော်) ၏ ဒသမအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားကို ဖေဖော်ဝါရီလ ၁၆ ရက်က အဆိုပါတက္ကသိုလ် ပင်မသုံးထပ်ကျောင်းဆောင် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော်သီချင်းဖွင့်လှစ်စဉ် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့်ဧည့်သည်များက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအား အလေးပြုကြသည်။ ထို့နောက် ဒုတိယပါမောက္ခချုပ်က ဘွဲ့များအပ်နှင်းရန် ဤဘွဲ့နှင်းသဘင်ကို ကျင်းပကြောင်း ကြေညာပြီး ဘွဲ့ရမောင်/မယ်များက စောင့်ထိန်းရမည့် ကျင့်ဝတ်များကို လိုက်နာကျင့်သုံးရန် ဝန်ခံကတိပြုကြသည်။

ဆက်လက်၍ ဘွဲ့လွန်ကွန်ပျူတာသိပ္ပံဒီပလိုမာဘွဲ့ရရှိသူကိုးဦး၊ ကွန်ပျူတာသိပ္ပံဘွဲ့ရရှိသူလေးဦး၊ ကွန်ပျူတာနည်းပညာဘွဲ့ရရှိသူသုံးဦး၊ အဝေးရောက်ဘွဲ့ယူရန် လျှောက်ထားကြသော ဘွဲ့လွန်ကွန်ပျူတာသိပ္ပံဒီပလိုမာဘွဲ့ရရှိသူငါးဦး၊ ကွန်ပျူတာသိပ္ပံဘွဲ့ရရှိသူ ၁၇ ဦး၊ ကွန်ပျူတာနည်းပညာဘွဲ့ရရှိသူ ၁၂ ဦး စုစုပေါင်း ၅၀ ဦးတို့အား ဘွဲ့များအပ်နှင်းကာ ဘွဲ့ရရှိသူများစာရင်းကို အတည်ပြုလက်မှတ်ရေးထိုးပေးသည်။

ယင်းနောက် ဒုတိယပါမောက္ခချုပ်က ဘွဲ့နှင်းသဘင်မိန့်ခွန်းပြောကြားရာတွင် ဘွဲ့ရမောင်/မယ်များအနေဖြင့် သင်ယူတတ်မြောက်ထားသောပညာရပ်များကို အသုံးပြုပြီး သတင်းအချက်အလက်နှင့် နည်းပညာကဏ္ဍတွင်နိုင်ငံတော်မှ အားကိုးအားထားပြုရသည့် ပညာရှင်များဖြစ်အောင် ကြိုးပမ်းကြစေလိုကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံနှင့်လူမျိုးကို ချစ်သောစိတ်ဓာတ်၊ အများအကျိုးကို ဆောင်ရွက်ပေးသောစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ဖြင့် ဥပဒေစည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာပြီး နိုင်ငံ့သားကောင်းတစ်ဦးအဖြစ် နေထိုင်ကြစေလိုကြောင်း၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ ရိုးရာယဉ်ကျေးမှုများကို အစဉ်ထိန်းသိမ်းကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပညာရေးအဖွဲ့နှင့်စီမံခန့်ခွဲရေးအဖွဲ့ဝင်များ၊ ဘွဲ့ရမောင်/မယ်များ စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ဘွဲ့ရမောင်/မယ်များနှင့် ၎င်းတို့၏မိဘဆွေမျိုးများကို ရင်းရင်းနှီးနှီးနှုတ်ဆက်စကားပြောကြားခဲ့ကြောင်း သိရသည်။ (၄၀၅)

ခဲ့ပြီး သင်တန်းဆင်းခဲ့သည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းများသည် တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဦးလည်မသုန် ကျေပွန်စွာထမ်းဆောင်နေကြပြီဖြစ်သည်။

ယနေ့တွင် ဖွင့်လှစ်လိုက်သည့် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၀)မှ နိုင်ငံ့သားကောင်းလူငယ်များအဖြစ် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ရန် သင်တန်းတက်ရောက်ကြမည့် သင်တန်းသားများ၏စကားသံများကိုလည်း ယခုလိုပဲ ကြားသိရပါတယ်။

"နိုင်ငံတော်ကာကွယ်ရေးတာဝန်တွေကို တစ်ထောင့်တစ်နေရာက ထမ်းဆောင်ဖို့အတွက် နိုင်ငံသားတိုင်းမှာ တာဝန်ရှိတာကြောင့် ဒီဥပဒေပြဋ္ဌာန်းခြင်းဟာ မဖြစ်မနေရှိသင့်တဲ့ ပြဋ္ဌာန်းချက်တစ်ခုပဲလို့ထင်မြင်မိပါတယ်။ နောင်လာမယ့် ညီငယ်တွေလည်း ဒီသင်တန်းကို လာရောက်တက်သင့်တယ်လို့ ဖိတ်ခေါ်ချင်ပါတယ်"ဟုပြောသည်။

"ကျွန်တော့်ရဲ့ရည်ရွယ်ချက်က အဓိကကတော့ မြန်မာနိုင်ငံသားတစ်ယောက်ပီပီ နိုင်ငံသားတစ်ယောက်ရဲ့တာဝန်ဝတ္တရားအရ ကျွန်တော်တို့ ဒါကို တက်ကိုတက်ရမယ့် နိုင်ငံသားဥပဒေပါတဲ့အတွက်ကြောင့် ဒီမှာ တက်ရောက်ခြင်းဖြစ်ပါတယ်ခင်ဗျာ။ ပြည်သူတစ်ယောက်အနေနဲ့ တာဝန်သိတာဝန်ယူတဲ့စိတ်နဲ့ လာပြီးတာဝန်ထမ်းဆောင်ခြင်းဖြစ်ပါတယ်ခင်ဗျာ"ဟုပြောသည်။

"ကျွန်တော့်ရည်ရွယ်ချက်ကတော့ မြန်မာနိုင်ငံမှာချမှတ်ထားတဲ့ ဥပဒေတိုင်းကို မြန်မာနိုင်ငံသားတိုင်း လိုက်နာရမှာဖြစ်တဲ့အတွက် မြန်မာနိုင်ငံသားတစ်ယောက်အနေနဲ့ ဒီဥပဒေကို လိုက်နာတဲ့အနေနဲ့ ဒီသင်တန်းကို လာရောက်တက်ရောက်ခြင်းဖြစ်ပါတယ်။ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးတဲ့အတွက် ကျွန်တော့်အမြင်ကတော့ အရမ်းကောင်းတယ်လို့မြင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့နိုင်ငံတင်မဟုတ်ဘဲ ဖွံ့ဖြိုးပြီးသော ဖွံ့ဖြိုးဆဲနိုင်ငံတွေ တော်တော်များများမှာလည်း စစ်မှုထမ်းဥပဒေကို ကျင့်သုံးနေကြတာပါ။ ဒါ့ကြောင့် ကျွန်တော်တို့နိုင်ငံတစ်ခုတည်းမဟုတ်ဘဲနဲ့ တခြားသောနိုင်ငံတွေပါ ကျင့်သုံးနေခြင်းဖြစ်တဲ့အတွက် ကျွန်တော်ကတော့ ကောင်းလည်းကောင်းတယ်၊ လက်လည်းလက်ခံပါတယ်"ဟုပြောသည်။

(၁၀၀)



ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၀)မှ သင်တန်းသားများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၀) သင်တန်းဖွင့်ပွဲကျင်းပစဉ်။




အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၀)သင်တန်းဖွင့်ပွဲကျင်းပစဉ်။







## ထားဝယ်ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေးသင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ

ထားဝယ် ဖေဖော်ဝါရီ ၁၇

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေးသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့တွင် ထားဝယ်မြို့ရှိ တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနရုံး၌ ကျင်းပသည်။

ရှေးဦးစွာ ထားဝယ်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဘုန်းမြတ်သူက ဖြစ်ပွားတွေ့ကြုံလေ့ရှိသော မီးဘေးအပါအဝင် တခြားသောဘေးအန္တရာယ်များအကြောင်း၊ မီးသတ်တပ်ဖွဲ့၏အခန်းကဏ္ဍ၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းအမျိုးမျိုးအနက် မြို့ပြရှာဖွေကယ်ဆယ်ရေးဘာသာရပ်ဖြစ်သည့် အခြေခံကြိုးချည်နည်းများ၊ အမြင့်ပိုင်း/အနိမ့်ပိုင်းများတွင် ကြိုးဖြင့်အသက်ကယ်နည်းစနစ်များ၊ တောင်ပေါ်အသက်ကယ်နည်းစနစ်၊ လှိုဏ်မြောင်းအတွင်းအသက်ကယ်နည်းစနစ်၊ ဥရောပနိုင်ငံများ၌ အသုံးပြုလျက်ရှိသော ယာဉ်မတော်တဆထိခိုက်မှုဖြစ်စဉ်များတွင် အဖွဲ့လိုက်ကယ်ဆယ်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်ကိုးခု၊ ငလျင်ကြောင့်ပြိုကျပျက်စီးနေသော အစိတ်အပိုင်းများအောက်တွင် ပိမိ/ညပ်မိသူများကို ကယ်ဆယ်ရာတွင် အသုံးပြုသည့် နည်းစနစ်များ၊ Air Lifting Bag အသုံးပြုခြင်းနည်းစနစ်များ၊ ယိုင်နဲ့ပြိုကျနိုင်သောအဆောက်အအုံကို ထပ်မံပြိုကျမှုမရှိအောင် ဆောင်ရွက်ရမည့် ဒေါက်ထောက်ခြင်း/ကျားကန်ခြင်းများ၊ ပြိုကျအဆောက်အအုံအစိတ်အပိုင်းများအောက်တွင် ပိတ်မိနေသူများကို ကယ်ဆယ်ရာတွင် အသုံးပြုရမည့် ထွင်းဖောက်ဖြတ်တောက်နည်းစနစ်များ၊ ရေတွင်းအသက်ကယ်နည်းစနစ်များ၊ အရေးပေါ်ဆေးအကာအကွယ်ပေးခြင်းနှင့် ရှေးဦးသူနာပြုစုနည်းများဖြစ်သော ဇီဝကမ္မဗေဒ၊ ခန္ဓာဗေဒဘာသာရပ်များ စသည့်သင်ခန်းစာများကို ကျွမ်းကျင်နည်းပြများဖြင့် စနစ်တကျ ထိထိရောက်ရောက်လေ့ကျင့်သင်ကြားပေးမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် သင်တန်းသား ၅၀ ဦးတက်ရောက်ကြပြီး သင်တန်းကာလမှာ ဖေဖော်ဝါရီလ ၁၇ ရက်မှ ၂၈ ရက်အထိဖြစ်ကြောင်းနှင့် သင်တန်း၌ သင်ခန်းစာများကို စာတွေ့လက်တွေ့လေ့ကျင့်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

ငွေဇင်ယော်(ထားဝယ်)

### ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၂။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၃။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၄။ Myawady Webportal
https://myawady.net.mm

၅။ Myanmar National Portal
https://myanmar.gov.mm

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Myanmar, China, and Thailand representatives discuss rapid repatriation of foreign nationals



Representatives from Myanmar, China, and Thailand discuss and coordinate to facilitate the rapid transfer of foreign nationals to their respective countries.



Representatives from Myanmar, China, and Thailand discuss and coordinate to facilitate the rapid transfer of foreign nationals to their respective countries.



Representatives from Myanmar, China, and Thailand closely monitor foreign nationals who have unlawfully entered the country.



Representatives from Myanmar, China, and Thailand follow up on foreign nationals who have unlawfully entered the country.

NAY PYI TAW February 17

Through certain neighboring countries, including Thailand, individuals have unlawfully entered Myanmar through border routes. Illegal online gambling, online fraud, and criminal activities were carried out in Myawady, Shwe Kokko and KK Park area. From January 30 to February 17, 2025, a total of 1,303 foreign nationals were identified and detained. The authorities responsible for legal procedures are currently working to transfer these detained foreign nationals to their respective countries following the appropriate legal procedures.

As such, the foreign nationals who unlawfully entered Myanmar are being swiftly dealt with in accordance with the law. Member of the Central Committee for the Supervision of Repatriation Deputy Minister for Home Affairs Maj-Gen Aung Kyaw Kyaw, and other responsible officials, along with the Deputy Minister of Public Security of the People's Republic of China, H. E. Mr. Liu Zhong Yi, and officials and General Secretary General Trisak Indararusmi of Thailand's Ministry of National Defence, and officials, arrived in Myawady this morning.

The collaborative team from the three countries is investigating and ensuring the proper detention of foreign nationals who entered via illegal routes into Myawady, Shwe Kokko and KK Park areas. They are reviewing the current detention conditions, personal information, and records of the individuals involved.

Representatives from the three countries met in Myawady and held a coordination meeting to facilitate the rapid transfer of detained foreign nationals to their respective countries. The meeting also focused on implementing a system to combat online fraud (Telecom Fraud) across the three countries, working together to eliminate telecom fraud zones in the Myawady region. Discussions were held on how to ensure a smooth process for transferring individuals involved in online fraud (Telecom Fraud) to their respective countries and resolving any issues related to this matter.

The government is actively investigating and effectively taking action against illegal online fraud activities. In addition, efforts are being made to prevent and combat illegal online gambling and financial fraud activities in the border regions of Myanmar. This includes cooperation with organizations from neighboring countries and international bodies to continue the investigation and enforcement actions.

100

# 273 more foreign intruders to Myanmar uncovered and detained



Authorities collect personal information and documents from 273 foreign intruders to Myanmar uncovered and detained on 17 February, 2025.



Authorities collect personal information and documents from 273 foreign intruders to Myanmar uncovered and detained on 17 February, 2025.



Authorities collect personal information and documents from 273 foreign intruders to Myanmar uncovered and detained on 17 February, 2025.

NAY PYI TAW February 17

As the government has been clamping down on criminal activities including online gambling and scams in border areas effectively, 273 more foreign intruders who entered Myawady - Shwe Kokko and KK Park through illegal routes were uncovered and detained today.

To repatriate the foreigners to their relevant countries as soon as possible, representatives from Myanmar, China and Thailand held trilateral talks and combined teams from relevant departments are collecting personal information and documents from them. A total of 1,303 foreign intruders to Myanmar were uncovered between 30 January to 17 February, 2025.

100

# More than 5,000 acres of vegetables grown in Dabayin Township

DABAYIN February 17

According to YeU District Agriculture Department, a total of 5,012 acres of vegetables has been planted in Dabayin Township of Sagaing Region.

In 2024-2025 cold season, local farmers started cultivation of vegetables in Dabayin Township in October 2024, and so far, they have planted 5,012 acres of vegetables exceeding the target of 2,790 acres of crops.

U Zaw Myint Tun, Head of YeU District Agriculture Department stated: "Local authorities plan to grow more than 2,000 acres of vegetables but local farmers planted over 5,000 acres of vegetables. They emphasize cultivation of mustard, chilli, spicy, potato, cucumber, tomato, cabbage, eggplant, cauliflower, ladyfinger and Chinese cabbage. Our department encourages local farmers to grow crops in GAP system in order to produce healthy crops with least chemical residue."

This year, officials of the Township Agriculture Department conduct training courses for local farmers to grow vegetables and produce healthy products with least chemical residues as well as to expand sown acreage of crops.

Vegetable plantations are thriving in the township. Officials of the Township Agriculture Department raise farmer awareness to apply correct agricultural techniques, prevent pests and use natural fertilizers and pests. **SK**

# Bogale Township supplies 85,000 visses of eels to Yangon market


BOGALE February 17

"Up to 85,000 visses of eels from Bogale Township, Ayeyawady Region were supplied to Yangon Market," said Daw Aye Win, the owner of Bogale Township's fishery products trading fair.

It is reported that only 60,000 visses of eels from Bogale Township were sold to the Yangon market in November 2024, and up to 85,000 visses of eels were sold from December 1 to 31, 2024.

"There was a strong demand for eels. In a month, up to 85,000 visses of eels were sold to the Yangon market. The eels from Bogale Township are mainly shipped and sold to the Yangon market. Now that the eel sales are good, the life of eel farmers and workers and those who search and catch eels are comfortable," she said.

These eels are sold to foreign countries such as China, Thailand and Singapore through the Yangon market. **SMK**



# Monywa Township cultivates over 8,000 acres of winter seed corn and millets

MONYWA February 17

A total of 8,199 acres of seed corn and millets have been planted during this year's winters planting season in Monywa Township, Monywa District, Sagaing Region, according to statistics from the Department of Agriculture for Monywa Township.

During the 2024-2025 winter crops planting season, Monywa Township plans to plant 1,082 acres of seed corn and 7,940 acres of millets, totaling 9,022 acres of seed corn and millets. Since October this year, they have planted 979 acres of seed corn and 7,220 acres of millets, totaling 8,199 acres.



"We are working to reach the target area. We are providing awareness for the success of seed corn and millets, and providing awareness to prevent the spread of pest," said U Soe Thet Aung, head of the Department of Agriculture for Monywa Township.

More than 50 baskets of seed corn are produced per acre, and the cost of planting one acre of seed corn is Ks- 500,000. A total of 15,000 corn ears of millets are produced per acre, and the cost of planting one acre is over Ks-500,000. **SK**

# Sunflower planted on all earmarked croplands in Taze Township

TAZE February 17

Local farmers have placed all earmarked croplands under sunflower in Taze Township of Sagaing Region, according to YeU District Agriculture Department.

Local authorities earmarked 3,187 acres of winter sunflower in Taze Township in 2024-2025 cold season. But farmers planted all 3,187 acres of crops starting from October 2024.

U Zaw Myint Tun, Head of YeU District Agriculture Department said: "Farmers could grow all earmarked acreage of sunflower in Taze Township. Cultivation of sunflower aims to reduce import of palm oil abroad. Hence, local farmers expand sown acreage of sunflower yearly. Yield of oil from sunflower is larger than sesame and groundnut."

Officials from Township Agriculture Department raised farmer awareness to grow sunflower without any difficulties and enhance capacity of local farmers and agricultural staff in Taze Township.

This year, officials of the township manage supply of quality strains of seed and urea fertilizers for farmers and arrange exchange of quality seeds of sunflower among farmers. **SK**

# Myaung Township grows over 7,000 acres of winter wheat

MYAUNG February 17

A total of 7,256 acres of wheat have been planted during this year's winter crops planting season in Myaung Township, Sagaing District, Sagaing Region, according to statistics from the Department of Agriculture for Sagaing District.

During the 2024-2025 winter crops planting season, 7,255 acres of wheat have been earmarked to plant in Myaung Township, and since October 2024, 7,256 acres have been planted.

"We can grow more than the earmarked area for wheat cultivation. Farmers are being educated and discussed about wheat cultivation. Irrigation and fertilization are being done to increase wheat production. We are working to increase the yield of wheat and to use good varieties," said Daw Thida Lwin, head of the Department of Agriculture for Sagaing District.

As for wheat cultivation, the cost of planting one acre of wheat is around Ks-300,000. If one acre of wheat is planted, 21 baskets are produced and the wheat crop is planted in October, November and December and harvested in February, March and April.

**SMK**

# Saudi Arabia to mediate Russia-US talks – CNN

RIYADH February 17

Saudi Arabia will mediate talks between Russia and the US on resolving the Ukraine conflict, set to begin in Riyadh on Tuesday, CNN has reported, citing a Saudi official.

The kingdom has maintained neutrality throughout the conflict, engaging in dialogue with Russian, US and Ukrainian leaders. Earlier, Moscow and Washington announced that Russian President Vladimir Putin and his US counterpart Donald Trump would soon meet face to face, and later revealed that the summit would take place in the Saudi capital. A Ukrainian official has told CNN that officials from Kiev would not attend the talks.

Russian Foreign Minister Sergey Lavrov and Putin's foreign policy aide, Yury Ushakov, will travel to Saudi Arabia on Monday to meet with Trump's team to prepare the ground for an upcoming meeting of the two leaders, according to Kremlin spokesman Dmitry Peskov.

The US will be reportedly represented by Trump's Middle East envoy Steve Witkoff, Secretary of State Marco Rubio and National Security Advisor Mike Waltz.

The development comes after Putin and Trump held a 90-minute phone call last week which revolved around settling the Ukraine conflict.

The upcoming talks in Riyadh will be the first high-level, in-person discussions between Russian and US officials in years.

Peskov explained that Saudi Arabia was chosen as the location for the high-level talks because it "suits both the American and Russian sides."

Riyadh along with its neighbor the United Arab Emirates has increasingly positioned itself as a mediator in the Russia-Ukraine conflict. The kingdom has facilitated prisoner exchanges and hosted diplomatic discussions, highlighting its commitment to a peaceful resolution.

Both Trump and Putin have fostered strong ties with the leaders of Saudi Arabia and the UAE. Saudi Crown Prince Mohammed bin Salman was the first foreign leader Trump called after taking office. Last month, in a video address to the World Economic Forum in Davos, Trump described the crown prince as "a fantastic guy."

Last September, Putin expressed gratitude to bin Salman for facilitating the largest US-Russian prisoner swap since the Cold War. "We are grateful to him, because this resulted in the return of our citizens to their homeland," he said at the time.


Last week, Witkoff said that bin Salman had played an "instrumental" role in mediating the release of Marc Fogel, a former US Embassy employee and teacher sentenced to 14 years in prison in Russia on drug trafficking charges.

Commenting on the upcoming trip to Riyadh, Russian Foreign Minister Sergey Lavrov said on Monday that the Russian team wants to assess President Trump's proposals for resolving the Ukraine conflict.

Moscow has stressed its pursuit of a lasting resolution rather than a temporary ceasefire, insisting that Kiev commits to neutrality, denazification, demilitarization, and recognition of the current territorial realities.

**RT**

# Russia to expand cultural centers abroad with new government partnership



MOSCOW February 17

Presidential advisor Anton Kobyakov and head of Russia's federal body to coordinate its citizens abroad, Rossotrudnichestvo, Yevgeny Primakov met in Moscow to discuss the development of Russian Houses — cultural centers supporting Russian expatriates worldwide.

"Russian Houses are places that remind our citizens of their homeland, providing them with up-to-date information on events in Russia. Presenting key business platforms in Russia, their development, and outcomes, will allow our compatriots and those interested in Russian affairs to stay informed. Supporting humanitarian and cultural values is crucial for all Russian citizens today. In this regard, the role of Russian Houses becomes especially significant," Kobyakov said.

The state-run event organizers Roscongress Foundation and Rossotrudnichestvo agreed to work together to expand the programs and content at these centers, including educational initiatives and key Russian business events like the St. Petersburg International Economic Forum and Russian Energy Week.

**Sputnik**

# Nine dead as severe flooding, storms pummel Mideast U.S

CHICAGO February 17

Flood and storms induced by the latest round of harsh weather have lashed the mideastern parts of the United States, claiming at least nine lives, including eight in Kentucky, Governor Andy Beshear said Sunday.

Since the storms began on Saturday, more than 1,000 rescues have been carried out and about 39,000 homes are facing power outages, a scenario that could worsen due to harsh winds, Beshear warned.

The governor considered it "one of the most serious weather events we've dealt with in at least a decade," cautioning that residents stay away from roadways.

He preemptively declared a state of emergency in the state ahead of the storms, saying that President Donald Trump had approved his request for disaster relief efforts.

Meanwhile, much of the United States is under a new round of bad winter weather. While the Northern Plains faced life-threatening cold, severe storms swept through parts of Florida and Georgia, according to the National Weather Service.

**Xinhua**




# US special envoy: trust-building key to ending Ukraine conflict in Saudi talks

WASHINGTON February 17

A US delegation will travel to Saudi Arabia on Sunday for talks with Russian officials and there is hope for good progress in the negotiations, Trump's special envoy for the Middle East, Steve Witkoff, said.

"I am going [to Saudi Arabia] tonight, I'll be traveling there with the National Security Advisor [Michael Waltz] and we'll be having meetings at the direction of the President [Donald Trump], and hopefully we'll make some really good progress with regard to Russia, Ukraine," Witkoff told Fox News.

Witkoff added that he did not agree with the concerns of some US allies that Ukraine would not be part of the negotiations, even though Kiev's representatives would not be in Saudi Arabia.

Asked whether the US expects that Ukraine would have to give up "a significant portion of its land," Witkoff said the issue is first about "trust building" with Moscow.

"Those are details and I'm not dismissive of the details that are important. But I think the beginning here is trust building [with Russia]. It's getting everybody to understand that this war does not belong continuing, that it should end," the special envoy said.

**Sputnik**

## Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Harvard doctors discover daily snack that cuts risk of colon cancer rising in young people

Eating yogurt for breakfast may heal bacteria in the gut and slash the risk of colon cancer, according to a new study.

Colon cancer has surged in young Americans, with diagnoses expected to nearly double from 2010 to 2030.

Experts are racing to find a cause, with one theory centred on lifelong exposure to harmful bacteria lining the gut and stimulating the growth of cancer cells.

Now, doctors from Harvard University have found that people who eat at least two servings of yogurt a week could lower their risk of colon cancers caused by bacteria by 20 percent.

The researchers looked at colon cancer tumours caused by Bifidobacterium, a type of bacteria that normally helps digest fibre and ward off infections.

However, excess levels can lead to inflammation in the colon, which damages cells and causes them to grow out of control, resulting in cancer.

The researchers believe healthy bacteria, including Bifidobacterium, found in fermented foods like yogurt can reduce the amount of harmful bacteria living in the gut, reducing the risk of bacteria-fueled colon cancers.

However, they found no link between yogurt and reduced risk of colon cancers caused by other factors such as genes, obesity and chemical exposure.

Dr Andrew T Chan, chief of the Clinical and Translational Epidemiology Unit at Massachusetts General Hospital, said: 'This paper adds to the growing evidence that illustrates the connection between diet, the gut microbiome and the risk of colorectal cancer.

'It provides an additional avenue for us to investigate the specific role of these factors in the risk of colorectal cancer among young people.'

The American Cancer Society estimates more than 154,000 Americans will be struck with colon cancer this year, and just under 53,000 will die.

In the UK, 44,000 Brits are diagnosed each year, and there are roughly 16,800 deaths.

Recent evidence from Johns Hopkins University suggests bacteria may play a role in at least half of colon cancer patients without a family history of the disease.

The new study, published in the journal Gut Microbes, analysed health data from 132,056 healthcare workers from the Nurses' Health Study (NHS) and Health Professionals Follow-Up Study (HPFS) databases.

Patients on average were between 60 and 65 years old. Two-thirds of patients were women.

NHS participants were followed from 1976 through to 2016, and those from HPFS were followed from 1986 through to 2016.

Participants filled out regular questionnaires about diet and lifestyle factors, including how many servings of plain and flavoured yogurt they consumed every week.

The team found 3,079 patients were diagnosed with colorectal cancer and took tissue samples from their tumours to look for bacteria. They were able to find information on bacteria in 1,121 cases.

Of those 1,121 cases, 31 percent of tumours (346) were positive for Bifidobacterium.



The researchers believe probiotics in yogurt may balance bacteria in the gut that has been linked to colon cancer (stock image).



Harvard University researchers found eating yogurt twice a week was linked to a 20 per cent lower risk of some forms of colon cancer (stock image).

Eating yogurt made no difference in the risk of non-bacteria colon cancers, though getting at least two servings per week lowered the risk of Bifidobacterium-positive colon cancers by 20 percent.

Dr Tomotaka Ugai, co-senior study author and pathologist at Brigham and Women's Hospital, said: 'It has long been believed that yogurt and other fermented milk products are beneficial for gastrointestinal health.

'Our new findings suggest that this protective effect may be specific for Bifidobacterium-positive tumours.'

The experts said further research is needed to determine how exactly yogurt lowers the risk of certain colon cancers, but they speculated that the healthy bacteria in yogurt could change bacteria in the gut microbiome, including Bifidobacterium.

Yogurt contains probiotics, which are made of several forms of live bacteria that have been shown to promote healthy digestion.

Along with balancing healthy bacteria in the gut, probiotics have been shown to reduce intestinal inflammation, lowering the risk of cancer cells forming.

Probiotics in yogurt may also help reduce constipation by making stools smoother. This reduces the amount of time stools spend in the colon and potentially spread harmful bacteria.

One of the study's caveats is focusing on patients who are mostly between ages 50 and 60, which limits data on early-onset colorectal cancer.

Dr Shuji Ogino, chief of the Program in Molecular Pathological Epidemiology at Brigham and Women's Hospital, said: 'Our study provides unique evidence about the potential benefit of yogurt.

'My lab's approach is to try to link long-term diets and other exposures to a possible key difference in tissue, such as the presence or absence of a particular species of bacteria.

'This kind of detective work can increase the strength of evidence connecting diet to health outcomes.

**Mail Online**

# Aerospace and Defence

## ပစိဖိတ်ရေယာဉ်စု၏ တိုက်ပွဲဝင်လေ့ကျင့်မှု၏တစ်စိတ်တစ်ဒေသအဖြစ် ရုရှားရေတပ်က ဂျပန်ပင်လယ်အတွင်း၌ စစ်ရေးလေ့ကျင့်



ရုရှားရေတပ်မှ အကြီးစားကမ်းထိုးရေယာဉ်တစ်စင်းဖြစ်သည့် Admiral Nevelskoy သည် အရှေ့ပင်လယ် သို့မဟုတ် ဂျပန်ပင်လယ်အတွင်း၌ အမြောက်ပစ်လေ့ကျင့်မှုတစ်ရပ်ကိုလုပ်ဆောင်ခဲ့ကြောင်း Interfax သတင်းအေဂျင်စီက ဖေဖော်ဝါရီလ ၁၇ ရက်တွင် ဖော်ပြသည်။

အဆိုပါစစ်ရေးလေ့ကျင့်မှုအတွင်း ရုရှားစစ်ရေယာဉ်သည် ၎င်း၏လေကြောင်းကာကွယ်ရေးစွမ်းဆောင်ရည်ကို စမ်းသပ်ရန်အတွက် သရုပ်သကန်အမှန်ဖန်တီးထားသည့်လေကြောင်းပစ်မှတ်များကိုအမြောက်ဖြင့်ပစ်ခတ်၍ လေ့ကျင့်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ရုရှားစစ်ရေယာဉ်ပေါ်မှ စစ်သည်များသည် သရုပ်သကန်အမှန်ဖန်တီးထားသည့် စစ်ကစားနိုင်သော အသေးစားပစ်မှတ်များကိုပါ ပစ်ခတ်လေ့ကျင့်ခဲ့သည်။

ရုရှားရေတပ်သည် အဆိုပါစစ်ရေးလေ့ကျင့်မှုကိုစီစဉ်ထားသည့် ရုရှားပစိဖိတ်ရေယာဉ်စု၏ တိုက်ပွဲဝင်လေ့ကျင့်မှု၏ တစ်စိတ်တစ်ဒေသအဖြစ် လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

Ref: ST

## ယူကရိန်းရှိ မြေရှားသတ္တု ၅၀ ရာခိုင်နှုန်းကို ထိန်းချုပ်ရန် ထရမ့်ကဆန္ဒရှိနေပြီး ၎င်းတို့အား ကာကွယ်ရန်အတွက် အမေရိကန်တပ်ဖွဲ့ဝင်များအား တပ်ဖြန့်ဖွယ်ရှိဟုဆို

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ယူကရိန်းနိုင်ငံအတွင်းရှိ မြေရှားသတ္တုအားလုံး၏ ၅၀ ရာခိုင်နှုန်းကို ထိန်းချုပ်ရန် ဆန္ဒရှိနေပြီး အဆိုပါအရင်းအမြစ်များအား ကာကွယ်စောင့်ရှောက်ရန်အတွက် အမေရိကန်တပ်ဖွဲ့ဝင်များကို ယူကရိန်းနိုင်ငံအတွင်း၌ တပ်ဖြန့်နိုင်ဖွယ်ရှိသည်ဟု အမည်မဖော်လိုသူ အမေရိကန်အရာရှိများ၏ပြောဆိုချက်ကိုကိုးကား၍ NBC သတင်းဌာနက ဖော်ပြသည်။

ယူကရိန်းပဋိပက္ခဖြစ်ပွားသည့် ၂၀၂၂ ခုနှစ်မှစ၍ အမေရိကန်က ယူကရိန်းနိုင်ငံသို့ပေးအပ်ခဲ့သည့် ဒေါ်လာ ၃၀၀ ဘီလီယံတန်ဖိုးရှိ အကူအညီများအတွက် အမေရိကန်ပြည်ထောင်စုသို့ မြေရှားသတ္တုများ ပြန်လည်ပေးအပ်ရန် သမ္မတထရမ့်က တောင်းဆိုပြီးနောက် NBC သတင်းဌာန၏ ဖော်ပြချက်ထွက်ပေါ်လာခြင်းဖြစ်သည်။

ထရမ့်၏တောင်းဆိုချက်ကို အမေရိကန်ဘဏ္ဍာရေးဝန်ကြီး စကော့ဘက်ဆန့်က ယူကရိန်းအစိုးရထံသို့ ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက ပေးအပ်ခဲ့သည်။ မီဒီယာများ၏ဖော်ပြချက်များအရ ထရမ့်သည် ယူကရိန်းနိုင်ငံရှိ မြေရှားသတ္တုအားလုံး၏ ၅၀ ရာခိုင်နှုန်းကို အလိုရှိနေကြောင်း သိရသည်။

ရုရှားနှင့် ယူကရိန်းတို့ကြား ငြိမ်းချမ်းရေးသဘောတူညီချက်တစ်ရပ်ကိုလက်မှတ်ရေးထိုးပြီးနောက်ပိုင်းတွင် အမေရိကန်၏ အဆိုပြုချက်ကို ယူကရိန်းက သဘောတူခဲ့မည်ဆိုပါက ထရမ့်အစိုးရက အမေရိကန်တပ်ဖွဲ့ဝင်များအား ယူကရိန်းရှိ မြေရှားသတ္တုများအား ကာကွယ်ရန်အတွက် တပ်ဖြန့်ရန်ဆန္ဒရှိနေသည်ဟု အမည်မဖော်လိုသူ အမေရိကန်အရာရှိလေးဦးက ပြောကြားခဲ့ကြောင်းသိရသည်။

လက်ရှိတွင် အမေရိကန်၏ မြေရှားသတ္တုရယူလိုသည့် အဆိုပြုချက်ကို ယူကရိန်းအစိုးရက ငြင်းဆိုထားသည်။

Ref: RT



## အယ်ဂျီးရီးယားက ရုရှား၏ ပဉ္စမမျိုးဆက် Su-57 တိုက်လေယာဉ်များလက်ခံရရှိသည့် ပထမဆုံးနိုင်ငံဖြစ်လာမည်



အယ်ဂျီးရီးယားနိုင်ငံသည် ရုရှားနိုင်ငံ၏ ပဉ္စမမျိုးဆက် Su-57 တိုက်လေယာဉ်များကို လက်ခံရရှိသည့် ပထမဆုံးနိုင်ငံဖြစ်လာမည့်အလားအလာရှိသည်။

ရုရှားနိုင်ငံသည် ၎င်းတို့၏ Su-57 တိုက်လေယာဉ်များအနက် ပထမဆုံးအသုတ်အဖြစ် တိုက်လေယာဉ်ခြောက်စင်းကို ၂၀၂၅ ခုနှစ် မကုန်မီအယ်ဂျီးရီးယားသို့ လွှဲပြောင်းမည်ဖြစ်သည်။

ယခုအခါ အယ်ဂျီးရီးယားနိုင်ငံမှ လေယာဉ်မှူးများသည် ရုရှားနိုင်ငံတွင် တိုက်လေယာဉ်မောင်းနှင်နိုင်ရေးအတွက် လေ့ကျင့်မှုများပြုလုပ်လျက်ရှိသည်။

အယ်ဂျီးရီးယားနိုင်ငံသည် Su-57 တိုက်လေယာဉ် ၁၄ စင်းဝယ်ယူရန် ရုရှားနှင့်သဘောတူစာချုပ်တစ်ရပ်ကို လက်မှတ်ရေးထိုးထားသည်။

Su-57 တိုက်လေယာဉ်များတွင် ဒုံးကျည်များအပါအဝင် အဆင့်မြင့်နည်းပညာသုံးလက်နက်စနစ်များတပ်ဆင်ထားပြီး အဆိုပါတိုက်လေယာဉ်အား အယ်ဂျီးရီးယားသို့ ရောင်းချခဲ့ခြင်းသည် ရုရှားနှင့် အယ်ဂျီးရီးယားနှစ်နိုင်ငံကြား ကာကွယ်ရေးနည်းပညာ ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုတိုးတက်လာစေမည်ဖြစ်သည်။

အယ်ဂျီးရီးယားလေတပ်သည် အစဉ်အလာအားဖြင့် ဆိုဗီယက်နှင့် ရုရှားလေယာဉ်များကို အသုံးပြုလျက်ရှိပြီး ယင်းနိုင်ငံသည် MiG-15 တိုက်လေယာဉ်များကို ၁၉၆၂ ခုနှစ်တွင် စတင်လက်ခံရရှိခဲ့ကြောင်းသတင်းဌာနတစ်ခု၏ ထုတ်ပြန်ချက်အရသိရသည်။

Ref: Iti

## ရုရှားက နေတိုးအတွက် ခြိမ်းခြောက်မှုမဟုတ်ဟု အမေရိကန်သမ္မတ ထရမ့်ပြော



ဝါရှင်တန်၊ လုံခြုံရေး

ရုရှားနိုင်ငံသည် နေတိုးအဖွဲ့အတွက် ခြိမ်းခြောက်မှုတစ်ရပ်မဟုတ်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားလိုက်ကြောင်းသိရသည်။

ရုရှားနိုင်ငံသည် ယူကရိန်းပဋိပက္ခတွင် အပစ်အခတ်ရပ်စဲ၍ အင်အားပြန်လည်စုစည်းပြီး နေတိုးအဖွဲ့အပေါ် အကြီးစားစစ်ဆင်မှုတစ်ရပ်ဆင်နွှဲရန်ဆန္ဒရှိနေကြောင်း ယူကရိန်းအစိုးရက ပြောကြားခဲ့ပြီးနောက် ထရမ့်က အဆိုပါပြောဆိုချက်အား ငြင်းဆန်၍တုံ့ပြန်ပြောကြားခြင်းဖြစ်သည်။

ထို့ပြင် ရုရှားသမ္မတ ဗလာဒီမာပူတင်သည် ၎င်း၏နိုင်ငံအတွက် စစ်ပွဲကိုရပ်ဆိုင်းပစ်ရန်အလိုရှိနေသည်ဟု မိမိယုံကြည်ကြောင်း၊ ရုရှားနိုင်ငံသည် စစ်ပွဲဆင်နွှဲခြင်းကို ရှေးယခင်ကတည်းက လုပ်ဆောင်ခဲ့ပြီး အင်အားကြီးတပ်မတော်ဖြစ်ခြင်းကြောင့် နာဇီဟစ်တလာနှင့် ပြင်သစ်စစ်ဘုရင်နပိုလီယံတို့ကိုပါ အနိုင်တိုက်ခိုက်နိုင်ခဲ့ကြောင်း ထရမ့်ကဆက်ပြောသည်။

ရုရှားနိုင်ငံသည် လက်ရှိဖြစ်ပွားနေသည့် ယူကရိန်းပဋိပက္ခအား ရပ်ဆိုင်းထားလိုပြီး ယူကရိန်းကိုသာမက နေတိုးအဖွဲ့ဝင်နိုင်ငံများကိုပါ တိုက်ခိုက်ရန်ဆန္ဒရှိနေသည်ဟု ယူကရိန်းသမ္မတ ဇီလန်စကီက NBC သတင်းဌာနနှင့် ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်း၌လုပ်ဆောင်သည့် တွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် ပြောကြားခဲ့ကြောင်းသိရသည်။

Ref: RT

# ရုရှားနှင့်အမေရိကန်တို့ကြား ကျင်းပမည့် ထိပ်သီးဆွေးနွေးပွဲကို ဆော်ဒီအာရေဗျက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်



**ရီယဒ်၊ နိုင်ငံရေး**

ရုရှားနှင့် အမေရိကန်သမ္မတနှစ်ဦးတို့ကြား ကျင်းပမည့် ထိပ်သီးဆွေးနွေးပွဲကို ဆော်ဒီအာရေဗျနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ကြောင်း ဆော်ဒီအစိုးရအဖွဲ့မှ အရာရှိများ၏ပြောကြားချက်ကို ကိုးကား၍ အမေရိကန်အခြေစိုက် သတင်းဌာနတစ်ခုက ဖော်ပြသည်။

နှစ်နိုင်ငံခေါင်းဆောင်များကြား ထိပ်သီးဆွေးနွေးပွဲအတွက် ကြိုတင်ပြင်ဆင်နိုင်ရန် ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂီလက်ရော့နှင့် သမ္မတပူတင်၏ နိုင်ငံခြားရေးမူဝါဒအကြံပေး ယူရီအူရှာကော့တို့သည် ဆော်ဒီအာရေဗျသို့ထွက်ခွာသွားပြီး အမေရိကန်အရာရှိများနှင့် ပူးပေါင်းပြင်ဆင်မည်ဖြစ်ကြောင်း ရုရှားအစိုးရအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပက်စကော့က ပြောသည်။

အမေရိကန်အစိုးရ၏ ကိုယ်စားလှယ်အဖွဲ့တွင် နိုင်ငံခြားရေးဝန်ကြီးနှင့် အမေရိကန်အမျိုးသားလုံခြုံရေးအကြံပေး မိုက်ဝေါ့တို့ပါဝင်ကြောင်းသိရသည်။ ဆော်ဒီအာရေဗျတွင် ကျင်းပမည့် ရုရှား-အမေရိကန်ထိပ်သီးဆွေးနွေးပွဲသည် ယူကရိန်းလက်နက်ကိုင်ပဋိပက္ခဖြစ်ပွားပြီးချိန်မှစ၍ နှစ်ပေါင်းများစွာအတွင်း ပထမဆုံးအကြိမ်ကျင်းပသည့် အဆင့်မြင့်ဆွေးနွေးပွဲတစ်ရပ်ဖြစ်သည်။

ဆော်ဒီအာရေဗျနိုင်ငံသည် ယူကရိန်းပဋိပက္ခတစ်လျှောက်လုံးတွင် ဘက်လိုက်ခြင်းမရှိဘဲ ရုရှား၊ အမေရိကန်၊ ဥရောပနှင့် ယူကရိန်းခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့သည့် နိုင်ငံဖြစ်ကြောင်း သိရသည်။ **Ref: RT**



# အကြမ်းဖက်တိုက်ခိုက်မှုနှင့်ရင်ဆိုင်နေရသည့် အာဖဂန်နစ္စတန်တွင် စုံတွဲ ၁၇၀ ပါဝင်သည့် အစုလိုက်မင်္ဂလာပွဲတစ်ရပ်ကို ငွေကြေးချမ်းသာသူများ၏ အကူအညီဖြင့်ကျင်းပ

**ကဘူး၊ ထူးခြားဆန်းပြား**

ပြည်တွင်းစစ်ပွဲပြီးဆုံးပြီးနောက်အကြမ်းဖက်တိုက်ခိုက်မှုဒဏ်ကို ရင်ဆိုင်နေရသည့် အာဖဂန်နစ္စတန်နိုင်ငံတွင် စုံတွဲ ၁၇၀ ပါဝင်သည့် အစုလိုက်မင်္ဂလာပွဲတစ်ရပ်ကို ငွေကြေးချမ်းသာသူများ၏ အကူအညီဖြင့် ကျင်းပနိုင်ခဲ့ကြောင်း Tolonews သတင်းဌာနက ဖေဖော်ဝါရီလ ၁၇ ရက်တွင် ဖော်ပြသည်။

အဆိုပါအစုလိုက်မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် နိုင်ငံအတွင်းရှိ ငွေကြေးချမ်းသာသူများက စေတနာဖြင့် စီစဉ်ပေးခဲ့ခြင်းဖြစ်ပြီး မင်္ဂလာမောင်နှံနှစ်ဦးစီအတွက် ဒေါ်လာ ၁၃၆၀ တန်ဖိုးရှိ အိမ်အသုံးအဆောင်များကိုလည်း လက်ဖွဲ့အဖြစ်ပေးအပ်ခဲ့သည်။

အာဖဂန်နစ္စတန်နိုင်ငံတွင် အလုပ်လက်မဲ့ဖြစ်ပွားမှုမြင့်မားနေမှုနှင့်စီးပွားရေးအကျပ်အတည်း၊ တောင်းရမ်းစရိတ်နှင့် ဈေးနှုန်းကြီးမြင့်သည့် လက်ဆောင်ပစ္စည်းများကြောင့် လူငယ်များမှာ လက်ထပ်ထိမ်းမြားရန်အတွက် နှစ်ပေါင်းများစွာကြာစောင့်ဆိုင်းနေရလျက်ရှိသည်။

နိုင်ငံအတွင်းရှိပြည်သူများအနေဖြင့် မလိုအပ်သည့်ငွေကြေးကုန်ကျမှုများကို ရှောင်ရှားနိုင်ရန်အတွက် ဈေးနှုန်းကြီးမြင့်သည့် မင်္ဂလာအခမ်းအနားပွဲများကျင်းပခြင်းမပြုလုပ်ရန် တာလီဘန်အစိုးရက တိုက်တွန်းထားသည်။ **Ref: Xa**

## သတင်းတိုကဏ္ဍ

# စီချွမ်ပြည်နယ်တွင်ဖြစ်ပွားသည့် မြေပြိုမှုအတွင်း သေဆုံးသူဦးရေမှာ ၁၀ ဦးအထိမြင့်တက်လာပြီး အခြား ၁၉ ဦး ပျောက်ဆုံး

တရုတ်နိုင်ငံ အနောက်တောင်ပိုင်းရှိ စီချွမ်ပြည်နယ်တွင် ဖြစ်ပွားသည့်မြေပြိုမှုအတွင်း သေဆုံးသူဦးရေမှာ ဖေဖော်ဝါရီလ ၁၇ ရက်တွင် ၁၀ ဦးအထိမြင့်တက်လာပြီး အခြား ၁၉ ဦး ပျောက်ဆုံးလျက်ရှိကြောင်း အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့က ပြောသည်။

မြေပြိုမှုသည် ယီပင်မြို့တွင် ဖေဖော်ဝါရီလ ၈ ရက်က မိုးသည်းထန်စွာရွာသွန်းပြီးနောက် စတင်ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း အာဏာပိုင်အဖွဲ့က ထုတ်ပြန်ထားသည်။

ယခုအခါ မြေပြိုမှုကြောင့် လူနေအိမ် ၁၀ လုံးမှာ လုံးဝပြိုကျပျက်စီးသွားပြီး စိုက်ပျိုးမြေ ၁၀၀ ဟက်တာခန့်မှာလည်း ပျက်စီးခဲ့ရကြောင်းသိရသည်။

အာဏာပိုင်များသည် လက်ရှိအချိန်အထိ ဒေသခံပြည်သူ ၇၀၀ ကျော်အား ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးထားရကြောင်း သိရသည်။

**Ref: Xinhua, barrons**

---

# ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်းတွင် မော်တော်ကားကိုးစီး တိုက်မိ၊ လူသုံးဦးသေဆုံးပြီး ခြောက်ဦးဒဏ်ရာရ

ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်းတွင် မော်တော်ကားကိုးစီးတိုက်မိခဲ့ရာ လူသုံးဦးသေဆုံးပြီး ခြောက်ဦးဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ဖေဖော်ဝါရီလ ၁၇ ရက်တွင် ထုတ်ပြန်သည်။

အဆိုပါမော်တော်ဆမှုသည် ကန်ဒွန်မြို့တွင် ဖေဖော်ဝါရီလ ၁၆ ရက် မွန်းလွဲအချိန်ခန့်က ဖြစ်ပွားခြင်းဖြစ်ပြီး SUV ကားတစ်စီးက ယာဉ်အသွားအလာများပြားသည့် လမ်းပေါ်ရှိ ကားများနှင့် မော်တော်ဆိုင်ကယ်များကို ဝင်တိုက်ခဲ့ခြင်းဖြစ်သည်။

ကနဦးစစ်ဆေးချက်များအရ SUV ကားမှ အသက် ၅၇ နှစ်အရွယ် ယာဉ်မောင်းသူသည် ကားမောင်းချိန်တွင် အရက်သောက်စားထားသည်ဟု အာဏာပိုင်အဖွဲ့က ယူဆထားကြောင်း သိရသည်။ **Ref: Xinhua**

# အီဂျစ်နိုင်ငံတွင် အဆောက်အအုံတစ်ခုပြိုကျ၊ လူ ၁၀ ဦးသေဆုံးပြီး သုံးဦးဒဏ်ရာရ

**ကိုင်ရို၊ မတော်တဆမှု**

အီဂျစ်နိုင်ငံ ဂီဇာပြည်နယ်တွင် ဖေဖော်ဝါရီလ ၁၇ ရက်က အဆောက်အအုံတစ်ခုပြိုကျခဲ့ရာ အနည်းဆုံး လူ ၁၀ ဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိခဲ့ကြောင်း ဒေသတွင်းမီဒီယာတစ်ခုက ထုတ်ပြန်သည်။

အဆိုပါမတော်တဆမှုသည် ဂီဇာဝိရမစ်အနီးရှိ ကာဒါဆာဒေသရှိ သုံးထပ်အဆောက်အအုံ၏ ဒုတိယထပ်တွင် ပေါက်ကွဲမှုကြောင့် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဒဏ်ရာရရှိသူများကို တာဝန်ရှိသူများက နီးစပ်ရာဆေးရုံများသို့ ပို့ဆောင်ပေးခဲ့ပြီး အနီးအနားရှိ အဆောက်အအုံနှစ်ခုမှ ပြည်သူများအား ဘေးကင်းရာသို့ရွှေ့ပြောင်းပေးခဲ့ကြောင်းသိရသည်။

ကနဦးစုံစမ်းစစ်ဆေးမှုများအရ ပေါက်ကွဲမှုသည် ဓာတ်ငွေ့ယိုစိမ့်မှုကြောင့်ဖြစ်ပွားခြင်းဖြစ်ကြောင်းသိရသည်။ **Ref: Xinhua**



# အေစီမီလန်အသင်းက လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် ရာဖေးလီအို၏အပြောင်းအရွှေ့အတွက် လက်ခံဆွေးနွေးသွားမည်ဟု အတည်ပြု

**မီလန် ဖေဖော်ဝါရီ ၁၇**

အေစီမီလန်အသင်းက လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းမှ တောင်ပံတိုက်စစ်ကစားသမား ရာဖေးလီအို၏အပြောင်းအရွှေ့အတွက် ကမ်းလှမ်းမှုများကို လက်ခံဆွေးနွေးသွားမည်ဟု အတည်ပြုကြေညာခဲ့ကြောင်း သိရသည်။

အသက် ၂၅ နှစ်အရွယ် ရာဖေးလီအိုသည် ၂၀၁၉ ခုနှစ်က လိုင်လီအသင်းမှ အေစီမီလန်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ နောက်ပိုင်းဘောလုံးရာသီများတွင် အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့သည့်အတွက် အပြောင်းအရွှေ့ကာလများတွင် ဥရောပထိပ်တန်းကလပ်အသင်းကြီးများက ခေါ်ယူရန် ပစ်မှတ်ထားခြင်းခံနေရသူဖြစ်သည်။

ရာဖေးလီအိုသည် ပြီးခဲ့သည့်အပြောင်းအရွှေ့ကာလများက ပရီးမီးယားလိဂ်ထိပ်တန်းအသင်းကြီးများနှင့်အတူ ပီအက်စ်ဂျီအသင်းတို့က ရာဖေးလီအိုကိုခေါ်ယူရန် တရားဝင်ကမ်းလှမ်းမှုများ လုပ်ဆောင်ခဲ့သော်လည်း အေစီမီလန်အသင်းက ကမ်းလှမ်းမှုများကို ပယ်ချခဲ့ခြင်းဖြစ်သည်။

သို့သော် အေစီမီလန်အသင်းသည် လာမည့်နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် ရာဖေးလီအို၏အပြောင်းအရွှေ့အတွက် ကမ်းလှမ်းမည့်အသင်းများကို လမ်းဖွင့်ပေးသွားမည်ဖြစ်ပြီး ထိုက်သင့်သည့် ပြောင်းရွှေ့ကြေးရရှိမည်ဆိုပါက လက်ခံဆွေးနွေးသွားရန် အသင့်ရှိနေသည်ဟု အတည်ပြုကြေညာခဲ့သည်။

ရာဖေးလီအိုသည် အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၂၄၆ ပွဲပါဝင်ကစားထားပြီး ၆၇ ဂိုးသွင်းယူနိုင်ခဲ့ကာ ယခုဘောလုံးရာသီတွင်လည်း ပြိုင်ပွဲစုံ ၃၅ ပွဲ ပါဝင်ကစားထားပြီး ကိုးဂိုးသွင်းယူနိုင်ကာ ဂိုးဖန်တီးမှု ခုနစ်ကြိမ်ပြုလုပ်ထားနိုင်ခဲ့သည်။

အေစီမီလန်အသင်းက ရာဖေးလီအိုကို လက်လွှတ်ရန်ဆုံးဖြတ်ပြီးနောက် လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် ပရီးမီးယားလိဂ်ထိပ်တန်းအသင်းကြီးများက အပြိုင်ကမ်းလှမ်းဖွယ်ရှိကြောင်း သိရသည်။

*Ref;Fabrizio Romano*

# လီဗာပူးအသင်းသမိုင်းတစ်လျှောက် ပရီးမီးယားလိဂ်ပွဲပေါင်း ၂၅၀ ကို အသက်အငယ်ဆုံးဖြင့်ပြည့်မြောက်ခဲ့သူအဖြစ် အာနိုးမှတ်တမ်းဝင်



**လန်ဒန် ဖေဖော်ဝါရီ ၁၇**

လီဗာပူးအသင်း တောင်ပံခံစစ်ကစားသမား အာနိုးသည် လီဗာပူးအသင်းနှင့် ဝုဗ်အသင်းတို့ကစားသည့်ပွဲစဉ်တွင် ပါဝင်ကစားပြီးနောက် အသင်းသမိုင်းတစ်လျှောက် ပရီးမီးယားလိဂ်ပွဲပေါင်း ၂၅၀ ကို အသက်အငယ်ဆုံးဖြင့်ပြည့်မြောက်ခဲ့သည့် ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၂၅)အဖြစ်ကစားသည့် လီဗာပူးအသင်းက ဝုဗ်အသင်းကို ၂ ဂိုး-၁ ဂိုးဖြင့် အနိုင်ရရှိသည့်ပွဲစဉ်တွင် အာနိုးသည် အသင်းနှင့်အတူ ပရီးမီးယားလိဂ်ပြိုင်ပွဲ၌ ပွဲပေါင်း ၂၅၀ ပြည့်မြောက်ခဲ့ပြီး ၎င်း၏အသက်မှာ ၂၆ နှစ်သာရှိသေးသည့်အတွက် အသင်းသမိုင်းတစ်လျှောက်တွင် ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲပေါင်း ၂၅၀ ကို အသက်အငယ်ဆုံးဖြင့်ပြည့်မြောက်ခဲ့သည့်ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ခြင်းဖြစ်သည်။

အာနိုးသည် ၂၀၁၆ ခုနှစ်မှစတင်ပြီး အသင်းနှင့်အတူ ဘောလုံးရာသီတိုင်းတွင် အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ကာ ဝုဗ်အသင်းနှင့်ပွဲစဉ်တွင် ပါဝင်ကစားပြီးနောက် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ပွဲပေါင်း ၂၅၀ ပြည့်မြောက်ခဲ့သည့်အပြင် ပြိုင်ပွဲစုံ ၃၄၃ ပွဲပါဝင်ကစားခဲ့ပြီး သွင်းဂိုး ၂၁ ဂိုးသွင်းယူနိုင်ခဲ့သူဖြစ်သည်။

အလားတူ အာနိုးသည် ယခုဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ၂၄ ပွဲ ပါဝင်ကစားထားကာ ကိုယ်တိုင်တစ်ဂိုးသွင်းယူထားပြီး ဂိုးဖန်တီးမှု ခြောက်ကြိမ်ပြုလုပ်နိုင်သည်အထိ အကောင်းဆုံးခြေစွမ်းပြလျက်ရှိနေသော်လည်း ယခုဘောလုံးရာသီအကုန်တွင် စာချုပ်သက်တမ်းကုန်ဆုံးကာ လမ်းခွဲရန်နီးစပ်နေကြောင်း သိရသည်။

*Ref;One Football*

# ပရီးမီးယားလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက် ဂိုးဖန်တီးမှုအများဆုံးဂိုးသမားအဖြစ် မန်စီးတီးအသင်း ဂိုးသမား အီဒါဆန် မှတ်တမ်းဝင်ခဲ့



**မန်ချက်စတာ ဖေဖော်ဝါရီ ၁၇**

မန်စီးတီးအသင်းဂိုးသမား အီဒါဆန်သည် မန်စီးတီးအသင်းနှင့် နယူးကာဆယ်အသင်းတို့ကစားသည့်ပွဲစဉ်တွင် ဂိုးဖန်တီးမှုတစ်ကြိမ်ပြုလုပ်ပေးနိုင်ပြီးနောက် ပရီးမီးယားလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက် ဂိုးဖန်တီးမှုအများဆုံးဂိုးသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၂၅)အဖြစ်ကစားသည့် မန်စီးတီးအသင်းက နယူးကာဆယ်အသင်းကို ၄ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည့်ပွဲစဉ်တွင် ဂိုးသမား အီဒါဆန်သည် ပွဲချိန် ၁၉ မိနစ်တွင် အသင်းဖော်တိုက်စစ်ကစားသမား အိုမာမာမွတ်သွင်းယူသည့်သွင်းဂိုးကို တိုက်ရိုက်ဂိုးဖန်တီးမှုပြုလုပ်ပေးနိုင်ပြီးနောက် ပရီးမီးယားလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက်တွင် ဂိုးဖန်တီးမှုအများဆုံးဂိုးသမားအဖြစ် မှတ်တမ်းဝင်ခဲ့ခြင်းဖြစ်သည်။

အီဒါဆန်သည် မန်စီးတီးအသင်းနှင့်အတူ နယူးကာဆယ်အသင်းနှင့်ပွဲစဉ်တွင် ဂိုးဖန်တီးမှုတစ်ကြိမ်ပြုလုပ်နိုင်ပြီးနောက် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ဂိုးဖန်တီးမှုအကြိမ်ရေ ခြောက်ကြိမ်ရှိလာခဲ့ကာ ဘလက်တန်းအသင်းနှင့် စပါးအသင်း ဂိုးသမားဟောင်း ရော်ဘင်ဆင်ကို ကျော်ဖြတ်ပြီး ဂိုးဖန်တီးမှုအများဆုံးဂိုးသမားအဖြစ် မှတ်တမ်းဝင်ခဲ့ခြင်းဖြစ်သည်။

ပရီးမီးယားလိဂ်ပြိုင်ပွဲ သမိုင်းတစ်လျှောက် ဂိုးဖန်တီးမှုအကြိမ်ရေ အများဆုံးဂိုးသမားများစာရင်းတွင် အီဒါဆန်သည် ၂၆၆ ပွဲကစားပြီး ခြောက်ကြိမ်ဖြင့် ထိပ်ဆုံး၌ရပ်တည်နေပြီး ၎င်း၏နောက်တွင် စပါးအသင်းနှင့် ဘလက်ဘန်းအသင်းဂိုးသမားဟောင်း ရော်ဘင်ဆင်က ၃၇၅ ပွဲကစားပြီး ငါးကြိမ်၊ အာဆင်နယ်အသင်းဂိုးသမားဟောင်း ဒေးဗစ်ဆီးမင်းက ၃၄၄ ပွဲ ကစားပြီး ငါးကြိမ်နှင့် လီဗာပူးအသင်းဂိုးသမားဟောင်း ရိန်နာက ၂၉၇ ပွဲကစားပြီး လေးကြိမ်ဖြင့် အသီးသီးရပ်တည်လျက်ရှိနေသည်။

ထို့ပြင် အီဒါဆန်သည် ယခုဘောလုံးရာသီတွင် မန်စီးတီးအသင်းနှင့်အတူ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ဂိုးဖန်တီးမှုသုံးကြိမ်ပြုလုပ်နိုင်ခဲ့သည့်အတွက် ပရီးမီးယားလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက် တစ်ရာသီအတွင်း ဂိုးဖန်တီးမှုသုံးကြိမ်ပြုလုပ်နိုင်ခဲ့သည့် ပထမဆုံးဂိုးသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

*Ref;B/R Football*

# ဒဏ်ရာမှသက်သာလာသည့် ခံစစ်ကစားသမားအာရှူဂျို အသင်းနှင့်ပြန်လည်ပူးပေါင်း

**ဘာစီလိုနာ ဖေဖော်ဝါရီ ၁၇**

ဘာစီလိုနာအသင်း အဓိကခံစစ်ကစားသမား အာရှူဂျိုသည် ဒူးဒဏ်ရာကြောင့် အနားယူနေခဲ့ရာမှ သက်သာလာသည့်အတွက် အသင်းနှင့်ပြန်လည်ပူးပေါင်းပြီးလေ့ကျင့်ခန်းများ လုပ်ဆောင်လျက်ရှိကာ လာမည့်ပွဲစဉ်များတွင် ပါဝင်ကစားနိုင်မည်ဖြစ်ကြောင်း သိရသည်။

အာရှူဂျိုသည် ယခုဘောလုံးရာသီအစပိုင်းက ဒဏ်ရာပြဿနာကြောင့် ကာလရှည်အနားယူနေရပြီး နောက်ပိုင်းတွင် ပြန်လည်သက်သာလာသော်လည်း ဖေဖော်ဝါရီလ ၁၀ ရက်က ကစားခဲ့သည့် ဆီဗီလာအသင်းနှင့်ပွဲစဉ်တွင် ဒူးဒဏ်ရာပြန်လည်ရရှိပြီးနောက် အနားယူနေခဲ့ရသည့်အတွက် အသင်းနှင့်ပွဲစဉ်များကို လွဲချော်ခဲ့ရခြင်းဖြစ်သည်။

သို့သော် အာရှူဂျိုသည် ဒဏ်ရာမှပြန်လည်သက်သာလာပြီး ကြံ့ခိုင်မှုပြည့်ဝလာသည့်အတွက် အသင်းနှင့်အတူ ပြန်လည်ပူးပေါင်းကာ အသင်းလိုက်လေ့ကျင့်ခန်းများကို စတင်လုပ်ဆောင်နိုင်ပြီဖြစ်သည့်အတွက် လာမည့်ပွဲစဉ်များတွင် ပါဝင်ကစားနိုင်မည်ဖြစ်ပြီး ၎င်းအနေဖြင့် ဒဏ်ရာပြဿနာများကြောင့် ပြိုင်ပွဲစုံရှစ်ပွဲသာပါဝင်ကစားနိုင်ခဲ့ပြီး စပိန်လာလီဂါတွင် သုံးပွဲသာပါဝင်နိုင်ခဲ့ကြောင်း သိရသည်။

*Ref;Fabrizio Romano*

## ကျုံပျော်မြို့နယ်၌ ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်းဥပဒေရှင်းလင်းပွဲကျင်းပ



ကျုံပျော် ဖေဖော်ဝါရီ ၁၇

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့မှ ပြုလုပ်သည့် ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်းဥပဒေရှင်းလင်းပွဲကို ကျုံပျော်မြို့ ရောမင်းခန်းမ၌ ဖေဖော်ဝါရီလ ၁၇ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ဦးစွာ ကျုံပျော်ခရိုင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောထွန်းဝင်းက အဖွင့်အမှာစကားပြောကြားပြီး ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်းဥပဒေနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

ထို့နောက် ကျုံပျော်မြို့နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်းနှင့် အဖွဲ့ဝင် ဦးသန်းစိုးအောင်တို့က ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်းဥပဒေနှင့်ပတ်သက်၍လည်းကောင်း၊ အဖွဲ့ဝင် ရဲမှူး တင်လှိုင်က ပြည်သူ့စစ်မှုထမ်း၊ နည်းဥပဒေပါ ပြစ်မှု၊ ပြစ်ဒဏ်များနှင့်ပတ်သက်၍လည်းကောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်းဥပဒေစာအုပ်များကို ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများအား ပေးအပ်ပြီး တက်ရောက်လာသူများက ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်းဥပဒေများနှင့်ပတ်သက်၍ သိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးဖြေကြားသည်။

ရှင်းလင်းပွဲသို့ ခရိုင်နှင့် မြို့နယ်ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ၊ ရပ်မိရပ်ဖများတက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ကျွန်းစုမြို့၌ ဆေးနှင့်ဆေးပစ္စည်းဈေးနှုန်းမြင့်၍ ရောင်းချနေမှု ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေး

ကျွန်းစု ဖေဖော်ဝါရီ ၁၇

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်၌ ဆေးနှင့်ဆေးပစ္စည်းများ ဈေးနှုန်းမြင့်၍ ရောင်းချနေမှု ရှိ၊ မရှိကို ဖေဖော်ဝါရီလ ၁၇ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

စစ်ဆေးရာတွင် ဆေးနှင့်ဆေးပစ္စည်းဈေးနှုန်းများမြင့်တက်မှုမရှိစေရေး စိစစ်ကြပ်မတ်ရေးအဖွဲ့မှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုကို၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာရဲမင်းဦး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်ငွေး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့်တာဝန်ရှိသူများက မြို့ပေါ်ရပ်ကွက်များရှိ ဆေးနှင့်ဆေးပစ္စည်းအရောင်းဆိုင်လေးဆိုင်တွင် အများပြည်သူများအား ရောင်းချလျက်ရှိသည့် ဆေးနှင့်ဆေးပစ္စည်းဈေးနှုန်းများကို ဒေသအတွင်းဖြစ်သင့်ဖြစ်ထိုက်သော ဈေးနှုန်းများဖြင့် ရောင်းချနေမှု ရှိ၊ မရှိ စစ်ဆေးကြောင်း သိရသည်။

ထက်မြင့်(ကျွန်းစု)



## ဘားအံမြို့နယ်၌ VRFP စီမံကိန်းရန်ပုံငွေ ဒုတိယအကြိမ်ထုတ်ချေး



ဘားအံ ဖေဖော်ဝါရီ ၁၇

ကရင်ပြည်နယ် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက VRFPစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အလယ်ကျေးရွာ၌ VRFP စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဒုတိယအကြိမ်ထုတ်ချေးခြင်းကို ဖေဖော်ဝါရီလ ၁၇ ရက် နံနက်ပိုင်းတွင် အဆိုပါကျေးရွာ၌ဆောင်ရွက်ကြောင်း သိရသည်။

ရှေးဦးစွာ ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသူရလွင်က အမှာစကားပြောကြားပြီး ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများက အလယ်ကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ VRFP စီမံကိန်းဒုတိယအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၅ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၅ ဦးကို VRFP စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၆၈ သိန်းအား အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးထားကြောင်း သိရသည်။

ကိုသက်

## အောင်ချမ်းသာလမ်းကွန်ကရစ်ခင်းခြင်းနှင့် ဂျင်းခင်းခြင်း လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုစစ်ဆေး

မင်းကင်း ဖေဖော်ဝါရီ ၁၇

စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ်၌ ကျေးတောင်ဦးကျေးရွာတွင် အောင်ချမ်းသာလမ်း ကွန်ကရစ်ခင်းခြင်းနှင့်ဂျင်းခင်းခြင်းလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုကို ဖေဖော်ဝါရီလ ၁၇ ရက် နံနက်ပိုင်းတွင် မင်းကင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်လွင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

ထို့နောက် မင်းကင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌက လမ်းများကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ကြရန်၊ အကျိုးရှိစွာအသုံးပြုကြရန် ဆွေးနွေးမှာကြားပြီး တာဝန်ရှိသူများက လုပ်ငန်းများနှင့်စပ်လျဉ်း၍ လွှဲပြောင်းမှတ်တမ်းများကို ကျေးရွာအုပ်ချုပ်ရေးမှူးထံ လွှဲပြောင်းပေးအပ်သည်။

အဆိုပါအောင်ချမ်းသာလမ်း အရှည်ပေ ၃၀၀၊ အကျယ် ၉ ပေ၊ အမြင့် ၆ လက်မရှိ ကွန်ကရစ်ခင်းခြင်းနှင့်အရှည်ပေ ၆၀၀၊ အကျယ် ၁၆ ပေ၊ အမြင့် ၉ လက်မရှိ ဂျင်းခင်းခြင်းလုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေကျပ် ၁၅ သန်းနှင့် ပြည်သူထည့်ဝင်ငွေကျပ် ၃ ဒသမ ၈၁၇ သန်းအသုံးပြု၍ အကောင်အထည်ဖော်ဆောင်ရွက်ကြောင်း သိရသည်။

မင်းမြင့်မိုရ်

## ရွှေတောင်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများအား မီးဘေးလုံခြုံရေးစစ်ဆေးခြင်းများဆောင်ရွက်



ရွှေတောင် ဖေဖော်ဝါရီ ၁၇

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်၌ ၂၀၂၅ ခုနှစ် မတ်လအတွင်း စာမေးပွဲဖြေဆိုမည့် အခြေခံပညာကျောင်းများကို မီးဘေးလုံခြုံရေးစစ်ဆေးခြင်းလုပ်ငန်းများဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် ပြည်ခရိုင် ရွှေတောင်မြို့နယ် မီးသတ်စခန်း ဒုတိယမီးသတ်ဦးစီးမှူးဦးဆောင်၍ တပ်ဖွဲ့ဝင်များက မြို့ပေါ်ရပ်ကွက်များရှိ အခြေခံပညာကျောင်းများနှင့် ကျေးရွာအုပ်စုများရှိ အခြေခံပညာကျောင်းများကိုလည်းကောင်း၊ မယားမံနယ်မြေမီးသတ်စခန်းမှ လက်ထောက်မီးသတ်ဦးစီးမှူးဦးဆောင်၍ နယ်မြေမီးသတ်စခန်း တပ်ဖွဲ့ဝင်များက ဖြေဆိုမည့်ကျောင်းများတွင် မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပွားစေရေးအတွက် မီးဘေးလုံခြုံရေးစစ်ဆေးခြင်း၊ မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများစစ်ဆေးခြင်း၊ မီးသတ်အုတ်ရေကန်များအား စစ်ဆေး၍ လိုအပ်သည့်အကြံပြုခြင်းများကို ပြုလုပ်ဆောင်ရွက်ကြကြောင်း သိရသည်။

ကိုကိုမင်း(ပြန်/ဆက်)

### မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၈-၂-၂၀၂၅(အင်္ဂါနေ့)

| | | | |
|---|---|---|---|
| ၁။ ၀၆:၀၀ | တရားတော် | ၈။ ၁၆:၀၀ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၂။ ၀၈:၀၀ | မျိုးချစ်တပ်မတော် | ၉။ ၁၇:၀၀ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၃။ ၀၉:၀၀ | မြဝတီနေ့စဉ်သတင်း | ၁၀။ ၁၈:၃၀ | ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ |
| ၄။ ၁၀:၀၀ | နိုင်ငံတကာသတင်း | ၁၁။ ၁၉:၀၀ | **တောင်ပိုင်းပိုးလမ်းမသစ်ကြီး တရုတ်-မြန်မာ အခန်းကဏ္ဍ အပိုင်း(၁၁/၁၂)** |
| ၅။ ၁၁:၀၀ | မြဝတီရုပ်မြင်သံကြားသတင်း | | |
| ၆။ ၁၂:၀၀ | ရှေးမြန်မာမင်းများ၏ခေါင်းဆောင်မှု | | |
| ၇။ ၁၃:၀၀ | တစ်ပတ်အတွင်းထိပ်တန်းရောက်ကမ္ဘာ့သတင်းသုံးသပ်ချက် | | |

# တရားမအထူးအယူခံမှု (၆)မှုကို စီရင်ချက်ချမှတ်၊ ရာဇဝတ်အထူးအယူခံမှု (၁) မှုနှင့် တရားမအထူးအယူခံမှု (၃)မှုတို့ကို ရုံးထိုင်ကြားနာ

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

ပြည်ထောင်စုတရားသူကြီးချုပ်ဦးသာဌေး နှင့်ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးမျိုးတင့်၊ ဒေါ်သင်းသင်းနွဲ့၊ ဒေါ်ပြုံးပြုံးအေး၊ ဒေါက်တာကိုကိုနိုင်တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ တရားမအထူးအယူခံမှုအမှတ် ၅၈/၂၀၂၄ (ရန်ကုန်)၊ ၅၉/၂၀၂၄ (ရန်ကုန်)၊ ၆၀/၂၀၂၄ (ရန်ကုန်)၊ ၆၁/၂၀၂၄ (ရန်ကုန်)၊ ၇၅/၂၀၂၄ (ရန်ကုန်)၊ ၇၇/၂၀၂၄ (ဧရာဝတီ) စုစုပေါင်း တရားမအထူးအယူခံမှု (၆)မှုကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် ရာဇဝတ်အထူးအယူခံမှုအမှတ် ၁၅/၂၀၂၄ (ရန်ကုန်)နှင့် တရားမအထူးအယူခံမှုအမှတ် ၇၉/၂၀၂၄ (မန္တလေး)၊ ၈၁/၂၀၂၄ (မကွေး)၊ ၈၂/၂၀၂၄(မန္တလေး)၊ စုစုပေါင်း ရာဇဝတ်အထူးအယူခံမှု (၁) မှုနှင့်တရားမအထူးအယူခံမှု (၃)မှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ပြင်ဦးလွင်နှင့်လွိုင်လင်မြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများသိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီလ ၁၆ ရက်မွန်းလွဲ၁ နာရီခွဲတွင် ပြင်ဦးလွင်မြို့နယ်၊ ဘော်ကျေးရွာအုပ်စု၊ ပုံကုန်းကျေးရွာအနီးတွင်အောင်နိုင်မိုးမောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀ သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးချက်အရ မွန်းလွဲ၂ နာရီတွင် ပုံကုန်းကျေးရွာရှိ ၎င်း၏နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၄၀၀ ထပ်မံသိမ်းဆည်းရမိခဲ့၍ စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၁၁၈၀၀ (တစ်ပြားလျှင် ၂၀၀၀ ကျပ်နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေ ၂၃၆ သိန်း)၊ ထို့အတူ ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီလ ၁၄ ရက် ည ၆ နာရီ ၁၅ မိနစ်တွင် လွိုင်လင်မြို့နယ်၊ ပန်ပိုးကျေးရွာအုပ်စု၊ ဟိုတင့်ကျေးရွာအနီးတွင် အောင်လတ်မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀၀ (တစ်ပြားလျှင်၅၀၀ ကျပ်နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေ ၂၅၀ သိန်း) သိမ်းဆည်းရမိခဲ့ကြောင်း၊ အလားတူ ဖေဖော်ဝါရီလ ၁၅ ရက် ညနေ ၃ နာရီတွင် ပူးပေါင်းအဖွဲ့သည် အဆိုပါနေရာ၌ သန်းစိုး မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၆၀၀ (တစ်ပြားလျှင် ၅၀၀ ကျပ်နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေ ၃၈ သိန်း) သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



အောင်နိုင်မိုးအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။






အောင်လတ်နှင့် သန်းစိုးတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# ဂန့်ဂေါမြို့၊ အနောက်ဂန့်ဂေါကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များကအကြောင်းမဲ့ ဒရုန်းဖြင့် ဗုံးကြဲခြင်းကြောင့် ပြည်သူများသေဆုံး၊ ထိခိုက်ဒဏ်ရာရရှိကြောင်း မဟုတ်မမှန်သတင်းများ ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့ အနောက်ဘက် အနောက်ဂန့်ဂေါကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြောင်းမဲ့ ဒရုန်းဖြင့်ဗုံးကြဲခြင်းကြောင့် ပြည်သူများသေဆုံး၊ ထိခိုက်ဒဏ်ရာရရှိကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိကြောင်း သိရှိရသည်။




အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် စစ်ရေးပစ်မှတ်မဟုတ်သည့် ပြည်သူများနေထိုင်ရာ ကျေးရွာများအား အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ခြင်းမရှိကြောင်း၊ အကြမ်းဖက်သမားများကသာ ၎င်းတို့အား ထောက်ခံအားပေးခြင်းမရှိသည့် နယ်မြေများအား ၎င်းတို့အပေါ် အကြောက်တရားလွှမ်းမိုးစေရန် လက်နက်ကြီးများဖြင့်ပစ်ခတ်ခြင်း၊ ဒရုန်းများဖြင့် ဗုံးကြဲခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများက အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူလူထုက အထင်အမြင်လွဲမှားစေရန် လူမှုကွန်ရက်မှတစ်ဆင့် အခြေအမြစ်မရှိသည့် ဓာတ်ပုံများကိုအသုံးပြု၍ သတင်းအမှားများဖြင့် လုပ်ကြံရေးသားဝါဒဖြန့်ဝေခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)

# နီပေါ လေးနိုင်ငံ အမျိုးသမီးဖိတ်ခေါ်ပြိုင်ပွဲတွင် လက်ဘနွန်ကို မြန်မာအသင်းအနိုင်ယူ



**ရန်ကုန် ဖေဖော်ဝါရီ ၁၇**

နီပေါ လေးနိုင်ငံ အမျိုးသမီးဖိတ်ခေါ် ဘောလုံးပြိုင်ပွဲ အုပ်စုပထမနေ့ကို ဖေဖော်ဝါရီလ ၁၇ ရက်က နီပေါနိုင်ငံ၌ကျင်းပရာ မြန်မာအသင်းသည် လက်ဘနွန်အသင်းကို ၃ ဂိုး ၁ ဂိုးဖြင့် အနိုင်ရခဲ့သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် လက်ဘနွန်ကိုအနိုင်ယူပြီး အဖွင့်လှခဲ့သည်။ လက်ဘနွန်အမျိုးသမီးအသင်းမှာလည်း ယခင်ကထက်များစွာ တိုးတက်လာပြီး မြန်မာအသင်းကို ဖိအားပေးကစားနိုင်ခဲ့သည်။

မြန်မာအသင်းနည်းပြချုပ် ယုကီတကက်ဆုရိုသည် ပွဲထွက်လူစာရင်းတွင် အသင်းခေါင်းဆောင် ခင်မာလာထွန်းအပါအဝင် အမာခံကစားသမားအချို့ကိုအနားပေးထားပြီး ဝင်းသိင်္ဂီထွန်းကို အသင်းခေါင်းဆောင်အဖြစ် တာဝန်ပေးကာ မျိုးမြမြငြိမ်း(ဂိုး)၊ မေသက်မွန်မြင့်၊ ယုယုနိုင်၊ ဇွန်ယုယဦး၊ ဖြူဖြူဝင်း၊ နော်ထက်ထက်ဝေ၊ ခင်မိုမိုထွန်း၊ ရှုပါခိုင်၊ စန္ဒာလင်း၊ လင်းမြင့်မိုရ်တို့ဖြင့် ပွဲထွက်လာသည်။ ပထမပိုင်းတွင် မြန်မာအသင်းက ခြေပိုသာသော်လည်း နှစ်သင်းစလုံးအခွင့်အရေးကိုယ်စီရခဲ့ပြီး အသုံးမချနိုင်ခဲ့သဖြင့် ဂိုးမရှိသရေကျနေခြင်းဖြစ်သည်။ ၅၇ မိနစ်တွင် ဝင်းသိင်္ဂီထွန်းက မြန်မာအသင်းအတွက် ဂိုးစတင်သွင်းယူသော်လည်း သုံးမိနစ်အကြာမှာပင် အစွကန်ဒါက လက်ဘနွန်အသင်းအတွက်ချေပဂိုးပြန်သွင်းခဲ့သည်။ ယင်းနောက်ပိုင်းတွင်မြန်မာအသင်းက အနိုင်ဂိုးရရန် အားထည့်လာပြီး ၇၂ မိနစ်တွင် ရွှေရည်ထွန်း၊ ၇၅ မိနစ်တွင် စန်းသော်သော်တို့က အနိုင်ဂိုးများသွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို မြန်မာအသင်းမှ ဖြူဖြူဝင်းက ရရှိသည်။

ယင်းပြိုင်ပွဲတွင် အိမ်ရှင်နီပေါအသင်းအပါအဝင် မြန်မာ၊ လက်ဘနွန်၊ ကာဂျစ္စတန် လေးသင်းပတ်လည်စနစ်ဖြင့် ယှဉ်ပြိုင်နေပြီး မြန်မာအသင်းသည် ဒုတိယပွဲအဖြစ် ဖေဖော်ဝါရီလ ၂၀ ရက်တွင် ကာဂျစ္စတန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**သတင်း-ညီမြတ်သော်တာ**
**ဓာတ်ပုံ-ANFA**

# ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေး ထိုးနှံတိုက်ကျွေး

**မတ္တရာ ဖေဖော်ဝါရီ ၁၇**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်ပြည်သူ့ဆေးရုံ၌ အသက်နှစ်နှစ်အောက်ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းများကို ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ဆရာဝန်ကြီး၏ ဦးဆောင်မှုဖြင့် ကျန်းမာရေးဝန်ထမ်းများက ဖေဖော်ဝါရီလ ၁၇ ရက် နံနက်ပိုင်းတွင် ဆက်လက်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ထိုးနှံတိုက်ကျွေးပေးရာတွင် နှစ်လသားအရွယ်မှအသက်တစ်နှစ်ခွဲအထိ ကလေးငယ်များအား ဘီစီဂျီ၊ ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါဘီ၊ ဦးနှောက်အမြှေးရောင်(ငါးမျိုးစပ်ကာကွယ်ဆေး)၊ ပိုလီယိုကာကွယ်ဆေးထိုးဆေး (အိုင်ပီဗွီ)၊ ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး၊ ပြင်းထန်အဆုတ်ရောင်(ပီစီဗွီ)၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေး ၁၂ မျိုးတို့ကို ထိုးနှံပေးခြင်းနှင့်ပိုလီယိုအကြောသေရောဂါကာကွယ်ဆေးများကို တိုက်ကျွေးကြသည်။

မတ္တရာမြို့နယ်၌ အသက်နှစ်နှစ်အောက် ကလေးငယ်များ ပုံမှန်ကာကွယ်ဆေးထိုးခြင်းနှင့် ကိုယ်ဝန်ဆောင်များကို ကျန်းမာရေးစစ်ဆေးခြင်း၊ ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို လစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။

**မြို့နယ်(ပြန်/ဆက်)**


ဘေးကင်းစိတ်ချ လုံခြုံမှုရစေတာ
COPPER 99.99%
SIGMA
CABLE & WIRE
ပင်ရင်းအရောင်းဌာန – ဖုန်း – ၀၉ ၄၄၃၃၆၃၃၉၉၊ ၀၉ ၄၅၀၀၁၈၉၆၂
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း – ၀၉ ၆၇၁၄၄၃၅၅၅
STARMART Nay Pyi Taw - ရန်ကုန်–မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း – ၀၉ ၆၈၅၁၁၉၀၇၇
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း – ၀၉ ၆၆၁၇၀၂၂၄၄
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း – ၀၉ ၃၀၈၆၀၁၈၀


DENTIST RECOMMENDED
FDA အမှတ်-2212 PCE 0013
ထာဝရလှပသော အပြုံးအတွက်
Fluoride ပါဝင်သောကြောင့် သွားများကို ဖြူဖွေးတောက်ပစေပါသည်။
DENTOMEC
ပင်ရင်းအရောင်းဌာန – ဖုန်း – ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း – ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း – ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း – ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန်–မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း – ၀၉ ၆၈၅၁၁၉၀၇၇


ပဒုမ္မာဆပ်ပြာ
ရေမှာဆို 'ကြာ'
ဆပ်ပြာမှာ 'ပဒုမ္မာ'
PADONMAR
ပဒုမ္မာဆပ်ပြာစက်ရုံ (ပေါင်းမြို့နယ်)မှ ခေတ်မီစက်ကြီးများဖြင့်
အချောအသွေးပြည့်မီစွာ ထုတ်လုပ်ထားသော အဝတ်လျှော်ဆပ်ပြာ၊
ကာဘော်လစ်ဆပ်ပြာ၊ ကိုယ်တိုက်ဆပ်ပြာနှင့် ဆပ်ပြာမှုန့်များအား လက်လီ၊
လက်ကား ဝယ်ယူအားပေးနိုင်ပါပြီ...
၀၉ ၇၈၁ ၈၄၈ ၆၉၉၊ ၀၉ ၇၉၃ ၇၃၂ ၆၁၆။


SINCE 1959
မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းကုမ္ပဏီလီမိတက်
နိုင်ငံတကာ ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်း
ကုန်သေတ္တာသယ်ယူပို့ဆောင်ရေးလုပ်ငန်း
ကမ်းရိုးတန်း ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း
သာကေတ ကုန်သေတ္တာထားသိုခန်း
သာကေတ ဆိပ်ခံတံတားလုပ်ငန်း
သာကေတ ကုန်လှောင်ရုံလုပ်ငန်း
ဆက်သွယ်ရန် ဖုန်းနံပါတ်
၀၁ ၈၂၉ ၆၂၅၃၊ ၀၉ ၅၅၀ ၃၉၃၄ – ဂုံးချပ်
၀၉ – ၅၅၀ ၄၅၄၆၊ ၀၉ – ၇၈၅ ၁၅၄ ၀၇၈၊ ၀၉ – ၅၁၅ ၉၆၉၇ – သာကေတဂုံး





တရားမဝင်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားများကို မြန်မာ-တရုတ်-ထိုင်းနိုင်ငံတို့မှ ကိုယ်စားလှယ်များက လိုက်လံကြည့်ရှုစဉ်။



■ **ကျောဖုံးမှအဆက်**

ထိုသို့ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံတွင် တရားမဝင် ဝင်ရောက်လာသည့် နိုင်ငံခြားသားများအား ဥပဒေနှင့်အညီ အမြန်ဆုံးအရေးယူ၍ ပြည်နှင်လွှဲပြောင်းမှုကြီးကြပ်ရေးဗဟိုကော်မတီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော်နှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ တရုတ်ပြည်သူ့လုံခြုံရေးဆိုင်ရာဝန်ကြီးဌာန လက်ထောက်ဝန်ကြီး H. E. Mr. Liu Zhong Yi နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ၊ အမျိုးသားကာကွယ်ရေးဝန်ကြီးဌာနမှအထွေထွေအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး Trisak Indararusmi နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် မြဝတီမြို့သို့ ရောက်ရှိကြသည်။

၎င်းသုံးနိုင်ငံပူးပေါင်းအဖွဲ့သည် မြဝတီမြို့-ရွှေကုက္ကိုလ်နှင့် KK Park နယ်မြေများသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေကြသည့် ပြည်ပနိုင်ငံသားများကို စစ်ဆေးဖော်ထုတ်ပြီး ကောင်းမွန်စွာထိန်းသိမ်းထားမှုအခြေအနေများ၊ ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူနေမှုအခြေအနေများကို လိုက်လံကြည့်ရှုလေ့လာကြသည်။

အဆိုပါ သုံးနိုင်ငံမှကိုယ်စားလှယ်များသည် မြဝတီမြို့၌တွေ့ဆုံပြီး ထိန်းသိမ်းထားသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးလွှဲပြောင်းပေးအပ်နိုင်ရေးညှိနှိုင်းအစည်းအဝေးကို ကျင်းပခဲ့ကာ ၃ နိုင်ငံအကြား အွန်လိုင်းလိမ်လည်မှု (Telecom Fraud) တားဆီးနှိမ်နင်းရေးစနစ်အကောင်အထည်ဖော်ကြိုးပမ်းဆောင်ရွက်ရေး၊ မြဝတီဒေသရှိ အွန်လိုင်းလိမ်လည်မှု (Telecom Fraud) ဇုန်များ ကင်းစင်ပပျောက်သည်အထိ ရှင်းလင်းဆောင်ရွက်ရေးနှင့် အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဆက်စပ်ပတ်သက်သူများကို သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်ရာတွင် အဆင်ပြေချောမွေ့စေရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

နိုင်ငံတော်အစိုးရအနေဖြင့် တရားမဝင် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများအား စုံစမ်းဖော်ထုတ်စစ်ဆေး၍ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများတွင်လည်း တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများအား တားဆီးကာကွယ်တိုက်ဖျက်နိုင်ရန်အတွက် အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ စုံစမ်းဖော်ထုတ်အရေးယူမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (ဝဝဝ)

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၂၇၃ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းခဲ့







မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်နေသည့် ပြည်ပနိုင်ငံသား ၂၇၃ ဦးအား ဖေဖော်ဝါရီလ ၁၇ ရက်တွင် ထပ်မံစစ်ဆေးဖော်ထုတ်ရရှိသည့် မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် တရားမဝင်အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများအပါအဝင် ဒုစရိုက်မှုများကို ထိထိရောက်ရောက်နှိမ်နင်းဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြဝတီမြို့-ရွှေကုက္ကိုလ်နှင့် KK Park နယ်မြေများသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေကြသည့်ပြည်ပနိုင်ငံသား ၂၇၃ ဦးကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါ ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး မြန်မာ-တရုတ်-ထိုင်းနိုင်ငံတို့မှကိုယ်စားလှယ်များ မြဝတီမြို့၌ သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးညှိနှိုင်းခဲ့ကြပြီး ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များက လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိကြောင်းနှင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်မှ ဖေဖော်ဝါရီလ ၁၇ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၃၀၃ ဦး စစ်ဆေးဖော်ထုတ်နိုင်ခဲ့ကြောင်း သတင်းရရှိသည်။ (ဝဝဝ)

# 25th Singha Thailand Masters
# ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ကျော်သက်ဦး အဆင့် (၄)ရရှိ




ရန်ကုန် ဖေဖော်ဝါရီ ၁၇

ဖေဖော်ဝါရီလ ၁၃ ရက်မှ ၁၆ ရက်အထိ ထိုင်းနိုင်ငံ Singha Park Khon Kaen Golf Club, Khan Kaen Lake View Resort & Golf Club ၌ကျင်းပသည့် 25th Singha Thailand Masters ဂေါက်သီးရိုက်ပြိုင်ပွဲတွင် မြန်မာ Professional ဂေါက်သီးရိုက်ကစားသမား ကျော်သက်ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ အဆင့်(၄)ရရှိခဲ့သည်။

ကျော်သက်ဦးသည် ယင်းပြိုင်ပွဲတွင် ၇၁+၇၁+၇၂+၆၉ ချက်ဖြင့် လေးရက်ပေါင်း ၂၈၃ ချက်ဖြင့် သတ်မှတ်ရိုက်ချက်ထက် ငါးချက်လျော့ရိုက်ကာ အဆင့်(၄)ကိုရရှိခဲ့ခြင်းဖြစ်သည်။ ပြိုင်ပွဲအပြီးတွင် Tanapat PICHAIKOOL က လေးရက်ပေါင်းရိုက်ချက် ၂၈၀ ချက်ဖြင့် သတ်မှတ်ရိုက်ချက်ထက် ရှစ်ချက်လျော့ရိုက်ပြီး ပထမဆုကိုဆွတ်ခူး ရရှိကာ ဆုကြေးငွေဘတ် ခုနစ်သိန်းခွဲရရှိပြီး အဆင့် (၄)ရရှိသော ကျော်သက်ဦးမှာ ဆုကြေးငွေ တစ်သိန်းခြောက်သောင်းခြောက်ထောင် ဆွတ်ခူးရရှိခဲ့ကာ ပြိုင်ပွဲတွင် ကစားသမား ၁၂၀ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။

ကျော်သက်ဦးသည် Thailand PGA Tour နှင့် All Thailand Golf Tour တို့က စီစဉ်ကျင်းပလျက်ရှိသည့် ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်နေသူတစ်ဦးဖြစ်သည်။

(၅၀၀)

# အမျိုးသမီးတစ်ဦးကို တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သူအား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်ချမှတ်

နေပြည်တော် ဖေဖော်ဝါရီ ၁၇

အမျိုးသမီးတစ်ဦးကို တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သူအား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှသိရသည်။

ရှမ်းပြည်နယ် မူဆယ်မြို့ ကောင်းမှုတိုရပ်ကွက် စက်မှုရပ်နေ မငြိမ်းလင်းနွယ်(ခ) ဝိုင်းမှ ရှမ်းပြည်နယ် ကွတ်ခိုင်မြို့နယ် တာမိုးညဲမြို့ မန်ရန်ကျေးရွာနေ မ-----၊ ၁၉/၂၀၂၅ နှစ်အား ဘဝရပ်တည်ရန်ခက်ခဲနေမှုနှင့် ငွေကြေးအခက်အခဲရှိနေမှုအား အခွင့်ကောင်းယူကာ ပြောဆိုစည်းရုံးပြီး တရုတ်ယောကျ်ားထံ ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သဖြင့် မူဆယ်မြို့မရဲစခန်းက (ပ)၂၃၄/၂၀၂၄၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၈(က)/၄၄ ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့သည်။ မူဆယ်ခရိုင်တရားရုံးမှ ၂၀၂၅ ခုနှစ်ဖေဖော်ဝါရီလ ၁၄ ရက်တွင် တရားခံ မငြိမ်းလင်းနွယ်(ခ)ဝိုင်းအား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်းသိရသည်။ **(သတင်းစဉ်)**

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ မော်တော်ယာဉ်များနှင့် တရားမဝင် ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ



မကွေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။



စစ်ကိုင်းတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။



တနင်္သာရီတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။



မွန်ပြည်နယ်၌ ဖမ်းဆီးရမိမှု။

နေပြည်တော် ဖေဖော်ဝါရီ ၁၇

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

**ဖေဖော်ဝါရီလ ၁၄ ရက်**တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်တွင်းကြီးမြို့နယ် အိုးပေါက်ကျေးရွာ၌ တရားမဝင် ကျွန်းသစ် (၁၁ ဒသမ ၁၇)တန်၊ အခြားသစ် (၁၄ ဒသမ ၄၃၁)တန်နှင့်ဆက်စပ်ပစ္စည်း (၆)မျိုး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၀၇၅၉၆)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မဟာအောင်မြေမြို့နယ်၊ ကျောက်ဆည်မြို့နယ်၊ ပျော်ဘွယ်မြို့နယ်၊ ပုသိမ်ကြီးမြို့နယ်နှင့် ရမည်းသင်းမြို့နယ်တို့၌ တရားမဝင် ကျွန်းသစ်(၁၁ ဒသမ ၂၄၅)တန်၊ သစ်မာ (သုညဒသမ ၆၀၂)တန်၊ အခြားသစ်(၁၆၇ ဒသမ ၀၅၀)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၈၀၃၆၁၀) နှင့် အဆိုပါသစ်များ တင်ဆောင်ထားသည့် မော်တော်ယာဉ်(၃)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၇၀၀၀၀၀၀) **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၃၈၀၃၆၁၀)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဖေဖော်ဝါရီလ ၁၆ ရက်**တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်နှင့် ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်တို့၌ လိုင်စင်မဲ့ Honda Fit မော်တော်ယာဉ် (၁)စီးနှင့် Toyota Kluger မော်တော်ယာဉ်(၁)စီး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့နယ်၊ ရွှေဇင်ယော်ရပ်ကွက်၊ တံတားတိုပွဲချိတ်ဆိပ်၌ စုပုံထားသော အကောက်ခွန်မဲ့ လူသုံးကုန်ပစ္စည်း (၁)မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၅၀၀၀၀၀) ကိုလည်းကောင်း၊ ကော့သောင်းမြို့၊ သီရိမြိုင်ရပ်ကွက်၊ (၃)မိုင် ကားကြီးကွင်း၌ စုပုံထားသော အကောက်ခွန်မဲ့ လူသုံးကုန်ပစ္စည်း (၁)မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀) ကိုလည်းကောင်း **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၉၅၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်လမြိုင်မြို့မှ နေပြည်တော်သို့ သွားရောက်မည့် မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၄၈၀၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Fuso Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀) **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၀၄၈၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဖေဖော်ဝါရီလ ၁၇ ရက်**တွင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျိုက်မရော ပူးပေါင်းစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၀၀၀၀၀)နှင့်အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Caravan မော်တော်ယာဉ် (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀) **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ်၁၅၇၀၀၀၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်၊ ညောင်လေးပင်ခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ်(၁ ဒသမ ၀၈၆)တန်၊ သစ်မာ (၂ ဒသမ ၇၁၉)တန်၊ အခြားသစ် (၁ ဒသမ ၅၉၁)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၂၁၉၈၃)ကို သစ်တောဥပဒေအရလည်းကောင်း၊ ဒိုက်ဦးမြို့နယ်အတွင်း၌ လိုင်စင်မဲ့ Honda Insight မော်တော်ယာဉ်(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၄၂၁၉၈၃)** ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ဖေဖော်ဝါရီလ ၁၄ ရက်၊ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ(၁၉)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၁၈၈၁၁၈၉)**ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင် ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့်အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှထုတ်လုပ်သည့် ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့်ခြိမ်းခြောက်မှုများကိုဖြစ်ပေါ်စေသည်။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ **(သတင်းစဉ်)**




**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**
**မြန်မာ့မီးရထား**
**အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း**

၁။ အောက်ဖော်ပြပါပစ္စည်းကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် |
|---|---|---|
| ၁ | ၃၀၇/မမ/CE | **(1"x 1 1/2")အရွယ်(စက်ခွဲ)လမ်းခင်းကျောက်(၄၃၇၀၀)ကျင်းအား အောက်ပါနေရာများ အရောက်ဝယ်ယူရန်** မြန်မာ့မီးရထားပိုင် ထုံးဖိုကျောက်မိုင်းအနီးရှိ ကျောက်စုပုံကွင်း = ၁၄၀၀၀ ကျင်း၊ ဘဲလင်းဘူတာ = ၂၅၀၀ ကျင်း၊ ဘုရားငါးဆူဘူတာ = ၅၅၀၀ ကျင်း၊ ရေနီဘူတာ = ၁၀၀၀၀ ကျင်း၊ သောင်းတိုင်ကုန်းဘူတာ = ၁၁၇၀၀ ကျင်း |

တင်ဒါပိတ်မည့်နေ့/အချိန် - (၃-၃-၂၀၂၅)နေ့လယ်(၂:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၁၇-၂-၂၀၂၅)ရက်နေ့မှစတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

**ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-294352, 291994**

**မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်ရှိ နိုင်ငံတော်ပိုင်မြေတွင် တည်ဆောက်-လုပ်ငန်းဆောင်ရွက်-လွှဲပြောင်း၊ Built-Operate-Transfer (BOT)ပုံစံဖြင့် ပုဂ္ဂလိကအထူးကုဆေးရုံလုပ်ငန်းတည်ထောင်ဖွင့်လှစ်ရန် လျှောက်ထားလိုသည့်ကုမ္ပဏီများအား စိတ်ဝင်စားမှုအဆိုပြုလွှာ(Expression of Interest-EOI)တင်ပြရန် ဖိတ်ခေါ်ခြင်း**

၁။ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်အတွင်းရှိ နိုင်ငံတော်ပိုင်မြေတွင် တည်ဆောက်-လုပ်ငန်းဆောင်ရွက်-လွှဲပြောင်း၊ Built-Operate-Transfer (BOT)ပုံစံဖြင့် နိုင်ငံတကာအဆင့်မီ ပုဂ္ဂလိကအထူးကုဆေးရုံလုပ်ငန်းတည်ထောင်ဖွင့်လှစ်၍ မျက်စိရောဂါကုသမှု၊ ကင်ဆာရောဂါကုသမှု၊ ဆီးနှင့်ကျောက်ကပ်ရောဂါကုသမှုနှင့် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှု၊ အထွေထွေရောဂါ အထူးကုသမှုစသည်တို့အား ဦးစားပေးဆောင်ရွက်ခြင်းဖြင့် ပုဂ္ဂလိကကျန်းမာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေကာ ပြည်သူလူထုအတွက် လိုအပ်သောကျန်းမာရေးဝန်ဆောင်မှုများ အားဖြည့်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ အဆိုပါနိုင်ငံတော်ပိုင်မြေတွင် အထက်ဖော်ပြပါ ဦးစားပေးအထူးကုဘာသာရပ်များဖြင့် ပုဂ္ဂလိကအထူးကုဆေးရုံလုပ်ငန်း တည်ထောင်ဖွင့်လှစ်လိုသည့် နိုင်ငံသားရင်းနှီးမြှုပ်နှံသူများ အနေဖြင့် စိတ်ဝင်စားမှုအဆိုပြုလွှာအား ကုသရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနသို့ Hard copy/ Soft copy (Word file)များဖြင့် (၂၃-၄-၂၀၂၅)ရက်နေ့၊ ညနေ(၄:၀၀)နာရီ နောက်ဆုံးထား၍ အဆိုပြုလျှောက်ထားနိုင်ပါသည်။

**လျှောက်လွှာရယူရန်နှင့် ဆက်သွယ်ရန်လိပ်စာ**

ပုဂ္ဂလိကကျန်းမာရေးဌာနခွဲ၊ ကုသရေးဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၄)၊ နေပြည်တော်
ဆက်သွယ်ရန်ဖုန်း- ၀၆၇ ၃၄၁၁၀၆၉၊ ၀၆၇ ၃၄၁၁၆၃၀
Email-privatehealthdivision@gmail.com

**မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့တွင်**
**ပုဂ္ဂလိကဆေးရုံများ တည်ထောင်ဖွင့်လှစ်နိုင်ရန်**
**အကောင်အထည်ဖော်ရေးကော်မတီ**

**ပျောက်ဆုံးကြောင်း**
ယဉ်ယဉ်ဝိုင်း(ဘ)ဦးစံကျော် ၁၂/မရက(နိုင်)၁၆၈၈၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 363994)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၉၁၁၈၂၄၂

**ပျောက်ဆုံးကြောင်း**
သန်းနှင်းဆွေ(ဘ)ဦးဇော်ဝင်း ၈/အလန(နိုင်)၁၄၈၀၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူ လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၇၀၀၅၁၀၀

**ပျောက်ဆုံးကြောင်း**
ကျော်ဝင်းလှိုင်(ဘ)ဦးစွန်တင့်ကြည်(ခ)တင့်ကြည် ၁/မညန(ဧည့်)၀၀၀၅၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း- ၀၉ -၇၇၀၈၈၅၉၈၉

**ပျောက်ဆုံးကြောင်း**
သန်းအောင်(ဘ)ဦးပန်းစိန် ၁၀/ရမန(နိုင်)၀၇၀၆၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၆၄၄၉၆၄၈၅

**ပျောက်ဆုံးကြောင်း**
ကြွယ်ကြွယ်ဖြိုးအောင်(ဘ)ဦးညွန့်အောင်၉/တကန(နိုင်)၂၁၁၂၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 452030)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အ ကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
ခင်သုသုဝေ(ဘ)ဦးဖူကျီရင် ၁၃/ကခန(နိုင်)၁၃၅၇၁၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 121220)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
နန့်သက်နှင်းဝေ(ဘ)မန်းကျော်ဝင်းဒန် ၁၄/ကပန(နိုင်)၁၆၀၀၄၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
နှင်းရည်ရည်စိုး(ဘ)ဦးလှစိုး ၁၂/မဘန(နိုင်)၁၁၄၅၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(A 455691)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
မသန့်ဇင်ခိုင်(ဘ)ဦးငြိမ်းမောင် ၇/ဒဥန(နိုင်)၁၄၃၂၃၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
နီနီဝင်း(ဘ)ဦးမျိုးမြင့် ၁၂/ကမန(နိုင်)၁၂၁၆၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
သက်မွန်အောင်(ဘ)ဦးမြင့်အောင် ၈/ပမန(နိုင်)၀၉၇၃၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ဇာခြည်ဦး(ဘ)ဦးဌေးအောင် ၁၄/ဖလန(နိုင်)၁၆၆၁၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၈၀၀၀၉၂၈၀

**ပျောက်ဆုံးကြောင်း**
မီမီစိုးကြွယ်(ဘ)ဦးဌေးကြွယ် ၁၄/မအပ(နိုင်)၂၄၅၃၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 434814)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၇၄၄၆၂၂၃

**ပျောက်ဆုံးကြောင်း**
ဥမ္မာလွင်(ဘ)ဦးအောင်ဝင်းနိုင် ၉/ရမသ(နိုင်)၁၂၆၈၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ဆုဝေဝေကို(ဘ)ဦးအေးကို ၁၂/လသယ(နိုင်)၀၈၄၄၁၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 729455)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
သီဟဇော်(ဘ)ဦးဆန်းဦး ၇/မညန(နိုင်)၁၄၂၁၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ပပမျိုး(ဘ)ဦးလှထွေး ၇/ဝမန(နိုင်) ၁၀၂၉၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ကြူကြူခိုင်(ဘ)ဦးခင်မောင်အေး ၈/နမန(နိုင်)၂၄၃၅၁၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ဦးတင်မျိုး(ဘ)ဦးသန်းအေး ၇/ကဝန(နိုင်)၁၆၀၁၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၉၈၀၄၅၇၆

**ပျောက်ဆုံးကြောင်း**
ဒေါ်ဇင်(ဘ)ဦးတင်မြင့်၁၂/ခရန(နိုင်)၁၆၃၆၆၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၉၈၀၄၅၇၆

**ပျောက်ဆုံးကြောင်း**
ခင်ပြည့်စုံ(ဘ)ဦးညွန့်ဝင်း ၅/ခဥတ(နိုင်)၁၁၆၄၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 292952)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၅၃၇၀၄၃၆၅

**ပျောက်ဆုံးကြောင်း**
ပျော်ဘွယ်မြို့၊ နောင်ခွင်ကျေးရွာနေ မအေး ၉/ပဘန(နိုင်)၂၃၄၀၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၆၁၁၁၂၆၂

**ပျောက်ဆုံးကြောင်း**
ဇင်မာထွေး(ဘ)ဦးသန်းထွန်း ၃/ဘအန(နိုင်)၄၃၉၂၆၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 256773)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
သဇင်မွန်(ဘ)ဦးမိုးခိုင်၃/ဘအန(နိုင်)၃၅၉၂၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 788931)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
နော်ဖောဘလုထူး(ဘ)ဦးစောဘွယ်ထူး ၇/ကတခ(နိုင်)၁၄၂၈၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၄၈၂၆၄၈၇

**တစ်ဦးတည်းဖြစ်ပါကြောင်း**
ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ယမုံနာ(၂)ရပ်ကွက်၊ (၄)လမ်း၊ အမှတ်(၂၇၂)နေ အဘ ဦးမောင်ကံ၏သမီး ဒေါ်နှင်းကြိုင်(ခ)ဒေါ်နှင်းနှင်းကြိုင် ၁၂/ဗဟန(နိုင်)၀၄၀၂၀၉ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
ဒေါ်နှင်းကြိုင်(ခ)ဒေါ်နှင်းနှင်းကြိုင်

**ပျောက်ဆုံးကြောင်း**
ရန်မျိုးနိုင်(ဘ)ဦးအောင်သိန်း ၁၂/သကတ(နိုင်)၁၅၂၂၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၈၆၁၈၈၄၂

**ပျောက်ဆုံးကြောင်း**
သဃ်န်းကျွန်းမြို့နယ်၊ စံပြရပ်ကွက်၊ (၄၁)လမ်း၊ အမှတ်(၂၀၁)နေ မောင်စောရဲထိုက်(ဘ) ဦးချစ်ကိုကို ၁၂/သဃက(နိုင်)၁၆၅၅၄၃ ကိုင်ဆောင်သူ ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 006238)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ပဲခူးမြို့နေ ကျော်သူအောင်(ဘ) ဦးရန်နိုင် ၇/ပခန(ပြု)၀၀၀၈၁၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာ ဥပဒေပုဒ်မ-၁၄၇၊ ၁၅၂ အရ ကုမ္ပဏီအား ဆန္ဒအလျောက်ဖျက်သိမ်းရန်ကြေညာခြင်း**

SILVER DIARY COMPANY LIMITED.(Reg No.110647832)အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် ဖျက်သိမ်းရန် (၁၈-၂-၂၀၂၅)နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သောအထွေထွေအစည်းအဝေးတွင် အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းအစည်းအဝေးမှ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးဇင်ဝေ(CPA-210)(MAIP-00143)အား တရားဝင်ခန့်အပ်ရန်အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကုမ္ပဏီ၏ ရရန်ရှိ၊ ပေးရန်ရှိများကို (၁၈-၃-၂၀၂၅)ရက်နေ့ နောက်ဆုံးထား၍ အထက်ဖော်ပြပါစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ခိုင်လုံသောအထောက်အထားဖြင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**ဦးဇင်ဝေ(CPA-210)(MAIP-00143)**
**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ(09252612600210)**

**ပျောက်ဆုံးကြောင်း**
မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့၊ ကျန်စစ်သားရပ်ကွက်၊ ဆီမီခုံကျေးရွာနေ ထက်ထက်ဝင်း(ဘ)ဦးအေးခိုင် ၉/မခန(နိုင်)၁၉၉၆၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၅၂၀၁၈၂၁၉၂

**ပျောက်ဆုံးကြောင်း**
မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမြို့နယ်နေ မဇင်မျိုးလှိုင်(ဘ)ဦးဝင်းထွေး ၈/ဆဖန(နိုင်)၀၇၉၃၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၆၄၆၀၆၅၄၃

**သစ်တောမှန်လျှင် အသုံးဝင်**
**အစဉ်ထာဝရ ထိန်းသိမ်းကြ**

❖ အခြေခံအားဖြင့် စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေနှင့် နည်းစနစ်များလိုအပ် . . .

❖ မျိုးကောင်းမျိုးသန့်ဖြစ်ရန်၊ မြေကောင်းမွန်ရန်နှင့် သဘာဝမြေဩဇာ၊ ဓာတ်မြေဩဇာများ ပြည့်ဝစွာထည့်သွင်းရန်၊ စိုက်ပျိုးရေ၊ အောင်ရေ ကောင်းစွာရရှိရန်နှင့် စိုက်နည်းစနစ်များမှန်ကန်ရန်လို . . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ မေလ ၂၄ ရက်နေ့တွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအားတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားမှုမှကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA ) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# ပြည်ပနိုင်ငံသားများ သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး မြန်မာ-တရုတ်-ထိုင်းနိုင်ငံတို့မှ ကိုယ်စားလှယ်များက ဆွေးနွေးညှိနှိုင်းလျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၇

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တစ်ဆင့် တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ်၊ မြဝတီမြို့- ရွှေကုက္ကိုလ်နှင့် KK Park နယ်မြေများတွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသူများကို စစ်ဆေးဖော်ထုတ်လျက်ရှိရာ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်မှ ဖေဖော်ဝါရီလ ၁၇ ရက်အထိ ပြည်ပနိုင်ငံသား ၁၃၀၃ ဦး တို့ကို ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး အဆိုပါထိန်းသိမ်းထားသည့် ပြည်ပနိုင်ငံသားများအား ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးအပ်နိုင်ရေး တာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ ၂၈ ကော်လံ ၁ ■



ပြည်ပနိုင်ငံသားများ သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး မြန်မာ-တရုတ်-ထိုင်းနိုင်ငံတို့မှ ကိုယ်စားလှယ်များ ဆွေးနွေးညှိနှိုင်းစဉ်။

## ၁၇-၂-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ (၅,၅၂၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ**



## မွေးမြူရေးလုပ်ငန်းနှင့် MSME အခန်းကဏ္ဍ

ဆောင်းပါး စာ - ၁၃ သို့

## နီပေါ လေးနိုင်ငံ အမျိုးသမီး ဖိတ်ခေါ်ပြိုင်ပွဲတွင် လက်ဘန္ဓနှ်ကို မြန်မာအသင်းအနိုင်ယူ

စာ - ၂၆ သို့

## တရားမဝင်သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

စာ - ၂၉ သို့

## မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၂၇၃ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းခဲ့

စာ - ၂၈ သို့

